# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၅)ရက် ၊ သောကြာနေ့ ၊ (16-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## NCA ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က Video Message ဖြင့် ပြောကြားသည့် အဖွင့်မိန့်ခွန်း

( ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက် )



ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျာ

ဒီကနေ့ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကြား ချုပ်ဆိုနိုင်ခဲ့တာ ၁၁ နှစ်မြောက်တဲ့ မင်္ဂလာရှိတဲ့နေ့ပဲဖြစ်ပါတယ်။ အခုလိုအချိန်အခါသမယမှာ သဘောတူစာချုပ် စတင်လက်မှတ်ရေးထိုးချိန်က ပါဝင်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံတကာအသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ၊ ပြည်ထောင်စုကြီးအတွင်းမှာရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ယနေ့ကျရောက်တဲ့ NCA ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့ဟာ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အနာဂတ်ငြိမ်းချမ်းရေးလမ်းကြောင်းအတွက် အရေးပါတဲ့ သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ စာမျက်နှာ ၁၈ ကော်လံ ၁ ⚐

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် NCA ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် Video Message ဖြင့် မိန့်ခွန်းပြောကြားစဉ်။


ရတနာပုံ ယနေ့ဖတ်စရာ

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး — စာမျက်နှာ - ၁၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ — စာမျက်နှာ - ၈

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ — စာမျက်နှာ - ၉

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ — စာမျက်နှာ - ၂၀


## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှုကို ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ



အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ လူမှုကူညီရေး အဖွဲ့များက မမြရေလှောင်တမံ ဆင်ခြေလျှောနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် စာမျက်နှာ ၂၃ ကော်လံ ၄ ❑

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည့် ထားဝယ်-လောင်းလုံး-ကျောက်နီမော်- စာမျက်နှာ ၂၃ ကော်လံ ၁ ❍



သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် နေရာတွင် စက်ယန္တရားများ အသုံးပြု၍ မြေစိုင်ခဲများ ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်ပေးစဉ်။

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# ယနေ့တီထွင်ဆန်းသစ်မှု အာဟာရပြည့်ဝ အနာဂတ်လှ

အောက်တိုဘာ ၁၆ ရက်(ယနေ့) သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ကို စတင်တည်ထောင်ခဲ့သည်။ အဆိုပါနေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့(World Food Day)အဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၅၀ ကျော်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော အရေးအပါဆုံးသော ကုလသမဂ္ဂအထိမ်းအမှတ်နေ့များထဲမှ တစ်ခုဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိသော စာရေရိက္ခာစနစ်များ ဖော်ဆောင်ရေးနှင့် ဆာလောင်မှုကင်းစင်ရေးပန်းတိုင်ကို အကောင်အထည်ဖော်ရန် နှစ်စဉ်ကမ္ဘာ့ဆောင်ပုဒ်အသစ်များဖြင့် လှုံ့ဆော်ဆောင်ရွက်လျက်ရှိပေသည်။ ယခု ၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်မှာ **"ယနေ့တီထွင်ဆန်းသစ်မှု အာဟာရပြည့်ဝအနာဂတ်လှ"**ဟူ၍ဖြစ်သည်။

အဆိုပါဆောင်ပုဒ်သည် လက်ရှိကာလအတွက် အလွန်ပင်အဓိပ္ပာယ်ပြည့်ဝပြီး လက်တွေ့လုပ်ဆောင်ရန် တိုက်တွန်းနှိုးဆော်ထားသည့် ဦးတည်ချက်ကောင်းတစ်ရပ်ပင်ဖြစ်သည်။ ဆောင်ပုဒ်၏ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်၏ အခြေခံစီးပွားရေးမောင်းနှင်အားဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍများတွင် ခေတ်မီနည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများကို တိုးမြှင့်ဖော်ဆောင်သွားကြရန် အရေးကြီးလှပေသည်။

ကမ္ဘာတစ်ဝန်းရှိ လူဦးရေအများအပြားသည် စားရေရိက္ခာမလုံလောက်မှုနှင့် ဆာလောင်မှုကို ရင်ဆိုင်နေရဆဲဖြစ်သည်။ ပုံမှန်အာဟာရပြည့်ဝသော အစားအစာများကို လုံလောက်စွာ မစားသုံးနိုင်ဘဲ အစားအစာအရည်အသွေးနှင့်ပမာဏကို လျှော့ချစားသုံးနေရသူများလည်းရှိနေသည်။ ထို့ကြောင့် စားရေရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်လိုပေသည်။

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများအတွက် အခြေခံစားသုံးကုန်များကို ပံ့ပိုးပေးနေရုံသာမက အာဟာရပြည့်ဝသည့် သီးနှံများကိုပါ တိုးမြှင့်ထုတ်လုပ်ပေးလျက်ရှိသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအတူပူးပေါင်း၍ ဗီတာမင်နှင့် သတ္တုဓာတ်ကြွယ်ဝသော ဆန်စပါး၊ ပဲမျိုးစုံနှင့်ပြောင်း စသည့်သီးနှံမျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်း၊ နည်းပညာဖြင့် သုတေသနပြုထုတ်လုပ်စိုက်ပျိုးခြင်းဖြင့် ပြည်သူလူထုအတွင်း အာဟာရချို့တဲ့မှုကို ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ပေသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး အာဟာရတန်ဖိုးမြင့်မားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကိုလည်း စနစ်ကျသော စိုက်ပျိုးရေးနည်းလမ်းများဖြင့် တိုးချဲ့စိုက်ပျိုးသင့်ပေသည်။ ဓာတုပစ္စည်းသုံးစွဲမှုကို လျှော့ချကာ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် စိုက်ပျိုးရေးထွက်ကုန်များကို ထုတ်လုပ်ရန်အတွက် မျိုးစေ့မှသည် ရိတ်သိမ်းပြီးနောက်ပိုင်းနည်းပညာများအထိ တီထွင်ဆန်းသစ်မှုများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ အလားတူ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မွေးမြူရေးကဏ္ဍတွင်လည်း စားသုံးသူများအတွက် ဘေးကင်းလုံခြုံသော အသား၊ နို့၊ ဥများကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိရစ္ဆာန်အစာအာဟာရဖော်စပ်မှုတွင် ဆန်းသစ်သောနည်းပညာများကို အသုံးပြုခြင်း၊ ရောဂါကင်းရှင်းပြီး စံချိန်မီသည့်တိရစ္ဆာန်မွေးမြူရေးခြံစနစ်များ ကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ကြရန်လိုပေသည်။

သို့ဖြစ်ရာ "ယနေ့တီထွင်ဆန်းသစ်မှု အာဟာရပြည့်ဝအနာဂတ်လှ" ဟူသည့် ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် ခေတ်မီနည်းပညာများကို တီထွင်ဆန်းသစ်အသုံးချခြင်းဖြင့် စားရေရိက္ခာဖူလုံမှုကို ရရှိစေရုံသာမက နောင်လာမည့်အနာဂတ်မျိုးဆက်သစ်များအတွက် ကျန်းမာကြံ့ခိုင်ပြီး အာဟာရပြည့်ဝသည့်ဘဝများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၃၂၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၃၂၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၃၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ကုလားပဲ ၅၄၃၂၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားပါမယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ကုလားပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ကြွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြွယ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# သာပေါင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငှက်ပျောသီးအစုံအဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**သာပေါင်း အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သာပေါင်းမြို့နယ် ငှက်ပျောသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြသည်။

သာပေါင်းမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ငှက်ပျောသီးအဖီးရေ ၅၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငှက်ပျောသီးအဖီးရေ ၈၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ တစ်လအတွင်း ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးအဖီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ခွန်နီ၊ ရွှေငှက်ပျော စသည့် ငှက်ပျောသီး အမျိုးအစားများ ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား ရန်ကုန်ဈေးကွက်သို့ တင်ပို့အားကောင်းခဲ့ပါတယ်။ ပြည်တွင်း ငှက်ပျောလိုအပ်ချက်ကလဲများနေပါတယ်။ လက်ရှိမှာ ငှက်ပျောအဖီးရေ အများအပြားတင်ပို့အားကောင်းလာတော့ ငှက်ပျောစိုက်တောင်သူတွေကော ပွဲရုံပိုင်ရှင်တွေပါ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု သာပေါင်းမြို့နယ် ငှက်ပျောသီး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြသည်။

သာပေါင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့်ငှက်ပျောသီး ဈေးနှုန်းများအနေဖြင့် ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀၊ ရခိုင်ငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀၊ သီးမွှေးနှင့် ခွန်နီငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀ နှင့် ရွှေငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သာပေါင်းမြို့နယ် ငှက်ပျောသီး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ဆက်လက် ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# မြစ်သားမြို့နယ် ကင်းစိန်ဈေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြစ်သား အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းစိန်ဈေးကျေးရွာ၌ မြစ်မိးရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၄ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာဝန်ထမ်းများက မြစ်မိးရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ကင်းစိန်ဈေးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကင်းစိန်ဈေးကျေးရွာ၌ လမ်းအရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစ်မိးရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၁၆ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၄ ဒသမ ၁၈ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၅၀ ဒသမ ၁၈ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၆ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်း(မြောက်)ကျေးရွာ၌ မြစ်မိးရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိန္နဲကုန်းကျေးရွာအုပ်စု ပိန္နဲကုန်း(မြောက်)ကျေးရွာ၌ မြစ်မိးရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က မြစ်မိးရောင်ကျေးရွာစီမံကိန်း လက်ကွဲစာစောင်ပါလမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြစ်မိးရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ပိန္နဲကုန်း(မြောက်) ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်ထံမှ သိရသည်။

သော်ဇင်ထူး

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၉၆၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကသာ အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၉၆၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၄၇၃၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၉၆၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ဖူးစားပြောင်း ဧက ၄၇၃၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ လက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၉၆၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးစိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးစိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် မြေစိုကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေစိုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြေစိုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၄၈ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မြေစိုကျေးရွာ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပို့ခဲ့သည့် စက်တင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၂၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ပဲတီစိမ်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တစ်လအတွင်းမှာ ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲတီစိမ်းတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူအားကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်ကလဲ ဝယ်ယူအားကောင်းလာတာ ဖြစ်ပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့်ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပဲတီစိမ်းများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေနေကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းထံမှ သိရသည်။

ကျော်ကျော်လင်း



# အမုန်းကိုရှောင် အပြုံးကိုဆောင်ကြပါ

"လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား၊ မ သို့မဟုတ် မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် သို့မဟုတ် မလိုမုန်းထားမှုကိုဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး ပြုမူရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် ရမ်းကားမှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

ထို့ကြောင့် အမုန်းစကားကို ရှောင်ကြဉ်ကြပြီး လူမျိုး၊ ဘာသာ၊ ကျား၊ မ၊ အသက်အရွယ်၊ ကြီးငယ်မဟူ၊ ပြုစုမှုကင်း၊ စာနာကြင်နာခြင်းများဖြင့် ဆက်ဆံပေါင်းသင်းကြပါက ငြိမ်းချမ်းခြင်းသန္တိသုခ ကိုယ်စီရရှိခံစားကြရပေလိမ့်မည်။

**မြန်မာအဘိဓာန်တွင် မင်္ဂလာကို "တိုးတက်ကြီးပွားကြောင်းတရား၊ ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်း"**ဟု ဖွင့်ဆိုထားသည်။

မည်သို့ဖွင့်ဆိုစေကြကာမူ အဓိကအချက်မှာ **"မင်္ဂလာ"**ဟူသော အသံကို နားဝင်ပီယံရှိနေကြသည်။ နားဝင်ပီယံရှိနေကြရန်လည်း မင်္ဂလာရှိသည့်အပြုအမူ၊ အပြောအဆို၊ ဟန်မူရာများကို စေတနာမေတ္တာ မှန်ကန်စွာဖြင့် လက်တွေ့ကျင့်သုံးသင့်ကြသည်။

အချို့လူများသည် ပါးစပ်က မင်္ဂလာပါဟု ပြောနေကြသော်လည်း လက်တွေ့မှာ အမင်္ဂလာတွေကို ကျူးလွန်နေကြသည်။ လိုတစ်မျိုး၊ မလိုတစ်မျိုး၊ အမုန်းအာဃာတအငြိုးအတေးစကားများကိုပြောဆိုနေကြသည်။ အချို့က ပျော့ပျောင်းညင်သာစွာ အမှန်သစ္စာတရားကိုသာ မင်္ဂလာရှိစွာ ပြောဆိုနေကြသည်။

လူတွေ၏သဘောက ကိုယ်ကသဘောကျနေလျှင် ဘာတွေပဲဖြစ်နေဖြစ်နေ အပြစ်မမြင်တော့ဘဲ နည်းမျိုးစုံဖြင့် ခွင့်လွှတ်နေကြသည်။ ခွင့်လွှတ်ဖို့ကိုပဲ ဘေးလူတွေကို နားချနေကြသည်။ ကိုယ်ကအမြင်မကြည် သဘောမကျလျှင် မြင်သမျှ အပြစ်တွေလို့ပဲ သတ်မှတ်ကြသည်။ ခြွေရံသင်းပင်းရှိသူနှင့်မရှိသူ၊ ဆင်းရဲသူနှင့် ချမ်းသာသူ၊ အာဏာရှိသူနှင့်မရှိသူ၊ လုပ်ပိုင်ခွင့် ရှိသူနှင့်မရှိသူ ကွာခြားသွားသည်။ ခြုံပြောရလျှင် လောကဓံတရားလို့ပဲ ယူဆရပေတော့မည်။

ရှေးပညာရှင်ကြီးများ အလွန်အမြော်အမြင်ရှိကြသည်။ **"နေကားထွက်ဝင်၊ ပေါ်ချုပ်ထင်၏။ လလျှင်ပြည့်ကွယ်၊ ကြီး၍ငယ်၏။ ထိုနှယ်မလွဲ၊ အမြဲချမ်းသာ၊ မရှိစွာရှင့်၊ အာဏာတံခိုး၊ အမျိုးစည်းစိမ်၊ဘုန်းဂုဏ်သိန်လည်း၊ ထင်တိမ်ပေါ်ငုတ်၊ ဖြစ်ချုပ်တတ်စွာ၊ ဓမ္မတာတည့်၊ ခေါက်ရှာငှက်ပျံ၊ ခင်ပုတ်ပျံနှင့်၊ ဘုတ်ပျံ ရှူးပျံ၊ လောကဓံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည်း"**ဟု လောကဓံတရားရှစ်ပါးနှင့်ပတ်သက်၍ သံဝေဂရအောင် **"မဃဒေဝလင်္ကာ"** မှာ ဖွင့်ဆိုထားသည်။

ထို့ပြင် **"ပြောင်းပြန်ရောနှော၊ အလာဘောနှင့် လာဘောတူကွ။ အယသနှင့် ယသမှတ်ကြ၊ သုခဒုက္ခ၊ နိန္ဒပသံသာ၊ ရှစ်ဖြာလောကဓံ၊ ဆက်ဆံရစ်ငွေ၊ ကြုံလေတွေ့လည်း၊ ခါ၍မခုန်၊ မတုန်မလှုပ်၊ စောင့်ချုပ်မယိမ်း၊ မတိမ်းမပြို၊ ထိုပုဂ္ဂိုလ်၏ နဂိုတည်ကြည်၊ စိတ်မြတ်သည်လည်း တမည်မင်္ဂလာ"**ဟု **"မင်္ဂလသုတ်ပျို့"** မှာ လမ်းညွှန်ထားသည်။ (၁) ပစ္စည်းဥစ္စာပေါများခြင်း၊ (၂) ပစ္စည်းဥစ္စာနည်းပါးခြင်း၊ (၃) အခြွေအရံပေါများခြင်း၊ (၄) အခြွေအရံ နည်းပါးခြင်း၊ (၅) ချမ်းသာခြင်း၊ (၆) ဆင်းရဲခြင်း၊ (၇) ချီးမွမ်းခံရခြင်း၊ (၈)ကဲ့ရဲ့ခံရခြင်းဆိုသည့် လောကဓံတရားနှင့်တွေ့ကြုံကြရလျှင် တက်ကြွတုန်လှုပ်မှုများနှင့် ညှိုးငယ်တုန်လှုပ်မှုများ ဖြစ်ကြလေ့ရှိသည်။ ထိုလောကဓံတရားများကို မတုန်မလှုပ်ချုပ်တည်း စောင့်ထိန်းနိုင်ခြင်းသည် မင်္ဂလာတရားနှင့် ညီပါပေသည်။

ထို့ကြောင့် **"သုတမဥ္ဇူဆုံးမစာ"**မှာ **"မိမိကံကောင်း၊ ခွင့်ပေးနှောင်း၍၊ မကောင်းတစ်ရံ၊ လောကဓံလျှောက်၊ ဆင်းရဲရောက်လည်း၊ မဖောက်ပြန်ဘဲ၊ တရားမြဲလော့"**ဟု ဆိုဆုံးမထားခဲ့သည်။ လူ့လောကမှာ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ဖို့က အလွန်ပင ခက်ခဲသည်။ ထို့ကြောင့်လည်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေနှင့် အတ္တအကျိုးကို ရှေ့တန်းတင်နေကြ၍ ပြဿနာမျိုးစုံ ဖြစ်ပေါ်နေကြရသည်။ ကိုယ့်အလိုကျဖြစ်လျှင် ဘာပဲဖြစ်နေဖြစ်နေ **"ချစ်တဲ့အခါ၊ ပျားသကာ"** လို သဘောထားကြသည်။ ကိုယ့်အလိုနှင့်မကိုက်ညီလျှင် အပြစ်ရှာကြသည်။ **"မုန်းတဲ့အခါ၊ ခါးတမာ"** လို သဘောထားကြသည်။ သည်းခံစာနာစိတ်မရှိကြ၍ အဆိုးမြင်ဝါဒနှင့်ပင် ကြည့်နေကြလေ့ရှိတယ်။

စကားစပ်မိ၍ ပြောရပါဦးမည်။ စာရေးသူနှင့် ဆရာမြင်းမူမောင်နိုင်မိုးတို့ စာပေဟောပြောပွဲတွေမှာ မကြာခဏတွဲပြီး ဟောပြောခဲ့ဖူးသည်။ သူက အမျိုးသားစာပေဆု (ကဗျာ) ခုနစ်ဆုတောင်ရထားသူပါ။ မနာလို၊ မရှုဆိတ်သူတွေက ဘယ်လိုပဲအပုပ်ချလုပ်ကြံ စွပ်စွဲစွပ်စွဲ၊ သူဟာ ကဗျာပါရမီရှင်တစ်ဦးဆိုတာကို ကဗျာဆရာပီသသူတိုင်းက ချီးကျူးနေကြသည်။ ရုပ်မြင်သံကြားနှင့်ရေဒီယိုမှာ ကဗျာတွေအကြောင်း ရွတ်ဆိုဟောပြောနေတာကိုလည်း ပြည်တွင်းမှာရော ပြည်ပမှာပါ အများစုက သဘောကျပြီး ချီးကျူးနေကြသည်။ စာရေးသူနှင့်တွဲပြီး ဟောပြောခဲ့သည့် ဟောပြောပွဲတွေမှာ ကျောင်းသားလူငယ်တွေအတွက် **"ပျားနဲ့ယင်"** ကဗျာကို ရွတ်ဆိုဟောပြောလေ့ရှိသည်။ ကလေးများကို ပန်းဝတ်မှုန်ကိုစား၊ စည်းလုံးညီညွတ်စွာနှင့် အမြင့်မှာနေသည့် "ပျား" ဖြစ်ချင်သလား၊ ပျားဖြစ်ချင်လျှင် ပျားလိုနေ၊ ပျားလိုကျင့်ပါ။ အပုပ်အစပ်တွေကိုစား၊ အချင်းချင်းသွေးကွဲပြီး အပုပ်အစပ်တွေ ကြားမှာနေသည့် "ယင်" ဖြစ်ချင်သလား၊ ယင်ဖြစ်ချင်လျှင် ယင်လိုနေ၊ ယင်လိုကျင့်ပါလို့ ထင်သာမြင်သာအောင် ကဗျာစပ်ဆိုဟောပြောခဲ့သည်။

သူဟောပြောခဲ့သည့် နောက်ကဗျာတစ်ပုဒ်ကတော့ လူငယ်၊ လူရွယ်၊ လူကြီးတွေအတွက် **"ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ"** ဆိုသော ကဗျာဖြစ်သည်။ ထိုကဗျာကို သူမရွတ်ဆိုမီ ထိုကဗျာဖြစ်ပေါ်လာအောင် သူဖတ်မှတ်ခဲ့သည့် အကြောင်းအရာကို အလျင်ရှင်းပြခဲ့သည်။ သူရှင်းပြဟောပြောတာကို စာရေးသူပင်လျှင် အလွတ်နီးပါးရနေပါပြီ။ မဟာဗုဒ္ဓဝင်တတိယတွဲနှင့် စတုတ္ထတွဲကို ဖတ်ရှုရင်းက ဘုရားရှင်လက်ထက်တော်က အဖြစ်အပျက်ကလေးတစ်ခုဖြစ်သည်။ ဖတ်လို့မဝ၊ ရှုလို့မဆုံး၊ နှလုံးစိတ်ဝမ်းချမ်းမြေ့လွန်းလို့ ထိုကဗျာကိုစပ်ဆို သီကုံးခဲ့တာပါတဲ့။

"မြတ်ဗုဒ္ဓဟာ ကိုးဝါပြည့်မြောက် ၁၀ ဝါ အရောက်မှာ ကောသမ္ဗီပြည်သူပြည်သားများရဲ့ ပင့်ဖိတ်ချက်အရ ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်းတိုက်မှာ ကြွရောက်သီတင်းသုံးနေတော်မူခဲ့တယ်တဲ့။ အဲဒီကျောင်းတိုက်မှာကလည်း ရဟန်းအချင်းချင်း မညီမညွတ်နဲ့ ခိုက်ရန်ဖြစ်ပွားမှုတွေ ဖြစ်ပေါ်နေခဲ့တယ်တဲ့။ တစ်နေ့မှာ ရဟန်းတစ်ပါးဟာ ကုဋီတက်ရောက်ခဲ့တယ်။ အဲဒီရဟန်း ကုဋီကဆင်းသွားတဲ့အခါ ကုဋီထဲက ရေအင်တုံမှာ သန့်သက်ရေ (အရပ်အခေါ် အိမ်သာတက်ပြီး သန့်စင်ဖို့ အသုံးပြုတဲ့ရေ) အနည်းငယ်ကျန်ရစ်ခဲ့တယ်။ မကြာမီမှာပဲ နောက်ရဟန်းတစ်ပါးက အဲဒီကုဋီထဲဝင်တဲ့အခါ အင်တုံထဲမှာ ရေအနည်းငယ်ကျန်နေတာကို တွေ့လိုက်ရတော့ ချက်ချင်းပဲစောစောက ကုဋီထဲကထွက်သွားတဲ့ ရဟန်းနောက်ကိုလိုက်ပြီး **"အရှင်ရဟန်း၊ အရှင်ရဟန်းဟာ ကုဋီထဲက ရေအင်တုံမှာ သန့်သက်ရေအနည်းငယ် ကျန်ခဲ့ပါတယ်။ ဒါကြောင့် ရှင်ရဟန်းရဲ့ အပြုအမူဟာ ဘုရားရှင်ပညတ်တော်မူထားတဲ့ ဘယ်ဝိနည်း၊ ဘယ်သိက္ခာပုဒ်နဲ့မညီညွတ်ပါဘူး။ ရှင်ရဟန်းကတော့ အာပတ်သင့်ပြီ"**လို့ ပြောဆိုလျှောက်ထားခဲ့တယ်။ ဒီတော့အပြောခံရတဲ့ရဟန်းကလည်း **"ငါဟာ အဲဒီရေအင်တုံထဲမှာ ကျန်စေလိုတဲ့ စေတနာနဲ့ ချန်ထားခဲ့တာမဟုတ်ဘူး။ အမှုမဲ့ အမှတ်မဲ့ကြောင့် ကျန်ခဲ့ခြင်းသာဖြစ်လို့ အာပတ်သင့်တယ်လို့ မဆိုနိုင်ဘူး"**လို့ ပြန်ပြောခဲ့တယ်။

"ရဟန်းနှစ်ပါးဟာ အပြန်အလှန် ငြင်းခုံကြရင်းက သူ့အဆောင်၊ ကိုယ့်အဆောင်၊ သူ့အုပ်စု၊ ကိုယ့်အုပ်စု၊ အုပ်စုနှစ်အုပ်စု၊ တစ်ဖက်နဲ့တစ်ဖက် စောင်းမြောင်းပြောဆိုရာက ငြင်းခုံကြ။ ငြင်းခုံကြရင်းက အချင်းများကြ၊ ကာယကံမြောက် ကျူးလွန်ကြတဲ့အဆင့်ထိ ရောက်လာခဲ့ကြတယ်။ ဘုရားရှင်က သိရှိတော်မူတော့ အုပ်စုနှစ်စုကို ရန်မဖြစ်ကြဖို့ တားမြစ်တော်မူခဲ့တယ်။ ရှေးဟောင်းသာဓကပုံဆောင်ပြီး ဟောကြားဆုံးမနားချခဲ့တာ ဘယ်လိုမှ ဆုံးမနားချမရတဲ့အခါ ဘုရားရှင်ဟာ ဆိုဆုံးမနားချလို့မရတဲ့

> ❖ **အမုန်းစကားကို ရှောင်ကြဉ်ကြပြီး လူမျိုး၊ ဘာသာ၊ ကျား၊ မ၊ အသက်အရွယ်၊ ကြီးငယ်မဟူ၊ ပြုစုမှုကင်း၊ စာနာကြင်နာခြင်းများဖြင့် ဆက်ဆံပေါင်းသင်းကြပါက ငြိမ်းချမ်းခြင်းသန္တိသုခ ကိုယ်စီရရှိခံစားကြရပေလိမ့်မည်။ မြန်မာအဘိဓာန်တွင် မင်္ဂလာကို "တိုးတက်ကြီးပွားကြောင်းတရား၊ ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်း"ဟု ဖွင့်ဆိုထားသည်။ မည်သို့ဖွင့်ဆိုစေကြကာမူ အဓိကအချက်မှာ "မင်္ဂလာ"ဟူသော အသံကို နားဝင်ပီယံရှိနေကြသည်။ နားဝင်ပီယံရှိနေကြရန်လည်း မင်္ဂလာရှိသည့်အပြုအမူ၊ အပြောအဆို၊ ဟန်မူရာများကို စေတနာမေတ္တာ မှန်ကန်စွာဖြင့် လက်တွေ့ကျင့်သုံးသင့်ကြသည်။** ❖

## မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

ရဟန်းတွေနဲ့ဝေးရာကို ကြွချီတော့မယ်လို့ ဆုံးဖြတ်ပြီး အရှေ့အရပ်ဆီကို တစ်ပါးတည်းကြွချီတော်မူခဲ့တယ်။ ဘုရားရှင်တို့က ခေါ်တော်မူခြင်းမပြုရင် ဘယ်သူမှ ဘုရားရှင်ရဲ့နောက်ပါးက လိုက်ပါခွင့်မရှိလို့ ဘယ်သူမှ လိုက်ပါခွင့်မရှိဘဲ ဘုရားရှင်တစ်ပါးတည်း ဃောသိတာရုံကျောင်းတိုက်က ထွက်ခွာတော်မူခဲ့တယ်။

"ဘုရားရှင်ဟာ တောအုပ်တစ်အုပ်ထဲရောက်သွားတဲ့အခါမှာ တောအုပ်ထဲမှာ အဖော်မမှီး တစ်ပါးတည်း သီတင်းသုံးနေတဲ့ ဘဂုမထေရ်မြတ်ကြီးနဲ့ ဆုံတွေ့ခဲ့တယ်။ ဘုရားရှင်ဟာ အဲဒီဘဂုမထေရ်ကြီးရဲ့ ကျောင်းသင်္ခမ်းမှာ တစ်ညမျှ သီတင်းသုံးပြီး တစ်ပါးတည်းနေထိုင်ခြင်းရဲ့ချမ်းသာမှုကို ချီးကျူးဟောကြားပြီး အရှေ့စူးစူးရှိ ဝါးတောထဲကို ကြွချီတော်မူခဲ့တယ်။ အဲဒီဝါးတောထဲမှာ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ ရှင်ကိမိလဆိုတဲ့ မထေရ်သုံးပါး နေထိုင်ခဲ့ကြတာတဲ့။ ရှင်အနုရုဒ္ဓါက အကြီးအမှူးတဲ့။ ဘုရားရှင်ကြွချီလာတာကို အဦးဆုံးသိလိုက်သူက အရှင်အနုရုဒ္ဓါတဲ့။ ပထမတော့ ရှင်အနုရုဒ္ဓါဟာဘုရားရှင် မိမိတို့တောအုပ်အတွင်း ကြွချီလာတာကို အတိုင်းမသိပီတိဖြစ်တော်မူပြီး သွားရောက်ခရီးဦးကြိုပြုမယ်လို့ စိတ်အကြံဖြစ်မိပြီးမှ ဩော်...ငါတို့ရဟန်းသုံးပါးဟာ ဒီတောအုပ်အတွင်းမှာ အညီအညွတ်နေထိုင်ကြတာပါလား။ ငါတစ်ဦးတည်းသွားရောက်ကြိုဆိုရင် ဘယ်မှာ အညီအညွတ်နေထိုင်ရာရောက်တော့မလဲ။ ငါရဲ့သီတင်းသုံးဖော်ရဟန်းနှစ်ပါးကို ခေါ်ချဦးမှလို့ မြော်မြော်မြင်မြင် တွေးခေါ်ခဲ့တယ်။

"သူတော်ကောင်းတို့ရဲ့ နှလုံးသားဟာ ဘယ်လောက်များ ဖြူစင်မြင့်မြတ်သလဲ။ အဲဒီအချိန်အခါက သက်ရှိထင်ရှား မြတ်စွာဘုရားဟာ သာသနာ့အကြီးအမှူး၊ သာသနာ့ဥသျှောင်၊ အတုမဲ့အနှိုင်းမဲ့ ဓမ္မရာဇာဖြစ်နေတာပါ။ ဒီတစ်ခါတော့ ဘုရားရှင်ကို ငါအဦးဆုံးကြိုဆိုခွင့်ရပြီ။ ငါအဦးဆုံးချဉ်းကပ်ပူဇော်ခွင့်ရပြီလို့ ရှင်အနုရုဒ္ဓါဟာ မကြံစည်ဘူး။ မတွေးခေါ်ဘူး။ တစ်နည်းအားဖြင့် ကြည်နူးနှစ်သက်ခြင်းပီတိကိုသော်မှ တစ်ပါးတည်းခံစားခြင်း မပြုဘဲ သီတင်းသုံးဖော်များကို အသိပေးပြီး ကြည်နူးပီတိ သန္တိသုခကိုပင် မျှဝေခံစားစေလိုတဲ့ စိတ်ဆန္ဒရှိသူ သူတော်စင်တစ်ပါးဆိုတာ ပေါ်လွင်ထင်ရှားနေတယ်။ "အို...ရဟန်းတို့ ငါတို့ရဲ့ဘုရားရှင် ကြွချီတော်မူလာပြီ။ ငါတို့သုံးပါးလုံး အညီအညွတ်ကြိုဆိုကြပါစို့"လို့ ပင့်ဖိတ်ခေါ်ယူ ကြိုဆိုခဲ့ကြတယ်။

"ဘုရားရှင်ထံပါး ရောက်ရှိသွားကြတဲ့ ရဟန်းသုံးပါးအနက် တစ်ပါးက ဘုရားရှင်ပွေ့ယူလာတဲ့ သပိတ်တော်၊ တစ်ပါးက ဘုရားရှင်ရဲ့ ပခုံးတော်ပေါ်မှာတင်လာတဲ့ သင်္ကန်းတော်ကို အသီးသီးရိုသေစွာ ဆောင်ယူခဲ့ကြတယ်။ ကျန်တစ်ပါးက ဘုရားရှင် ခြေဆေးတော်မူဖို့ ရေအိုးထဲက ရေကို ရေမှုတ်နဲ့ခပ်ယူပြီး ခြေတော်ကိုလောင်းလှူဆေးကြောပေးပါတယ်။ အဲဒီနောက် ဘုရားရှင်ကို မြင့်မြတ်တဲ့နေရာမှာ ထိုင်တော်မူဖို့ ပြင်ဆင်နေရာချပေးပြီး ဘုရားရှင်ရဲ့ ခြေတော်ရင်း သင့်တင့်လျှောက်ပတ်တဲ့နေရာမှာ ကျုံ့ကျုံ့ကလေး လက်အုပ်ချီကာ ဘုရားရှင်ရဲ့ မိန့်ကြားသံကို နာခံနေခဲ့ကြတယ်။ ဘုရားရှင်က ကောသမ္ဗီပြည်သား ရဟန်းများရဲ့ အချင်းချင်း ရန်သတ္တရုပြုကြ၊ အော်ကြဟစ်ကြ၊ မောင်းမဲပြစ်တင်ကြတဲ့ အမူအရာတွေနဲ့ ဒီရဟန်းသုံးပါးရဲ့အမူအရာတွေဟာ မိုးနဲ့မြေ၊ ရေနဲ့မီးလို ကွာခြားလွန်းလှပါလား။ ရဟန်းသုံးပါးရဲ့ညီညွတ်မှု၊ စည်းကမ်းသေဝပ်မှု၊ အထက်အကြီးအကဲပေါ် ရိုသေလေးစားမှုတွေနဲ့ ပြည့်စုံမှုအသွင်သဏ္ဍာန်ကို ရှုမြင်ရတဲ့အခါမှာ သန္တိပီတိဖြစ်ပေါ်သွားပြီး ရဟန်းသုံးပါးကိုမေးမြန်းတော်မူခဲ့တယ်။

စာမျက်နှာ ၅ သို့ á

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပျိုတို့မောင်

- တောင်သူယာလုပ် ထင်းကိုခုတ်လို့
ပျိုးနုတ်ထွန်ယက် မျိုးကြဲပက်၍
ဆက်လက်စောင့်စား ပွင့်သီးအားတွက်
ပေါင်းများရှင်းယူ မညည်းညူသည်
များလူကြိုးဆောင် ပျိုတို့မောင်။

- ခွန်အားမချန် ထွန်သွားရုံလို့
ဆူညံသံထင်း နွားတစ်ရှဉ်းနှင့်
အားခြင်းတူပြိုင် မမောနိုင်ပေ
ဖြိုင်ဖြိုင်ချွေးစက် ကျနေလျက်လည်း
ရှေ့ဆက်လုပ်ဆောင် ပျိုတို့မောင်။

- မနားမနေ လုပ်အားဖွေလို့
ကျေကျေနပ်နပ် ပြုံးနေတတ်ကာ
လိုအပ်ရာများ ပြည့်စေသားဟု
စိတ်ထားအယူ ခိုင်မာမှုနှင့်
ရန်သူကင်းပေါင် ပျိုတို့မောင်။

- ပျိုချစ်သောမောင်
နောက်နောင်အရေး လောက်အောင်တွေးလို့
လေးလေးစားစား လုပ်ကိုင်အားသည်
ရှားပါးပြိုင်ကင်း အားမာန်ထင်းမို့
သတင်းကြီးထူ တို့တောင်သူဟု
အပူဒဏ်အောက် တိုးမကြောက်ပေ
တည်ဆောက်ခြင်းမှာ ခရီးအမှန်ပါ
ကျီဆောက်ရင်းသာ သီးနှံဖြာ။ ။

**ဇေဒါမောင်(ပညာရေး)**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၈၄၄၉ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ဘုတလင် အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၈၄၄၉ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၂၃၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ဩဂုတ်လဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၈၄၄၉ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၀ ဒသမ ၁၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲ ၃၂၂၃၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိမှာတော့ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးလာပါတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်း ယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

"ရှင်ရဟန်းတို့ သင်တို့သုံးပါးဟာ အဘယ်ကဲ့သို့ ကျင့်ကြံပွားများတဲ့နည်းလမ်းနဲ့အခုလို အညီအညွတ် နေထိုင်ကြပါသလဲ"လို့ ဘုရားရှင်ရဲ့ အမေးကို ရဟန်းသုံးပါးကလည်း တစ်ပြိုင်တည်းလိုလို **"အရှင်ဘုရား၊ တပည့်တော်တို့သုံးပါးဟာ တစ်ဦးကိုတစ်ဦး ချစ်သောမျက်စိဖြင့်သာ ကြည့်ကြပါသည်ဘုရား"**လို့ အညီအညွတ်ဖြေကြားခဲ့ကြတယ်။ ဒီထက်ကောင်းတဲ့အဖြေ၊ ဒီထက်ကောင်းတဲ့စကားလုံး၊ ဒီထက်ကောင်းတဲ့ အသုံးအနှုန်း ဘယ်မှာများရှိနိုင်ပါ့မလဲ။ ဟုတ်တာပေါ့။ တစ်ဦးကိုတစ်ဦး ချစ်တဲ့မျက်စိနဲ့သာကြည့်နေကြမှတော့ အချစ်တွေပဲ ဝင်နေကြမှာပေါ့။ ဘယ်မှာအပြစ်တွေကို မြင်ပါတော့မလဲ။ ဩော်. . . ဒါကြောင့်လဲ အညီအညွတ်နေထိုင်နိုင်ကြတာပါပဲလေ။

ဒီတော့ ဘုရားရှင်က ရဟန်းသုံးပါးကိုဆက်လက်ပြီး မေးမြန်းတော်မူခဲ့ပြန်တယ်။ "ရှင်ရဟန်းတို့ ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လောက်ထိ အညီအညွတ်သင့်တင့်မျှတစွာ နေထိုင်ပါသလဲ"လို့ မေးမြန်းတော်မူတဲ့အခါ "အရှင်ဘုရား နို့နဲ့ရေကို ရောစပ်ပြီးတဲ့အခါ နို့ချည်းသတ်သတ်၊ ရေချည်းသတ်သတ် ပြန်လည်ပြီး ခွဲယူလို့မရတော့တဲ့ပုံပမာ တပည့်တော်တို့သုံးပါးဟာလည်း အတူပေါင်းစည်းနေထိုင်ပြီးသကာလ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတည်းဟူသော မေတ္တာသုံးပါးနဲ့လွှမ်းခြုံပြီး ကိုယ်သာကွဲပြား၊ စိတ်မခြားဘဲ သုံးပါးအလို မမောက်မိုဘဲ သုံးကိုယ်တစ်စိတ် နေထိုင်ကြပါတယ်ဘုရား"လို့ ပြန်လည်ဖြေကြားခဲ့ကြတယ်။

"ဩော် ဟုတ်ပေသားပဲ။ လောကကြီးမှာ အချင်းချင်း အတူတကွနေထိုင်ကြတဲ့အခိုက်မှာ ချစ်တဲ့အကြည့်၊ ချစ်တဲ့မျက်စိနဲ့သာ ကြည့်တတ်ကြဖို့ အမှန်တကယ်လိုအပ်လှပါလား။ ဒါမှသာ ပတ်ဝန်းကျင်ကို အလှဆင်နိုင်မှာပါလား။ တစ်ဦးကိုတစ်ဦး အနိုင်ရလိုမှု၊ အာဃာတထားရန်လိုမှု၊ မယုံသင်္ကာစိတ်ပွားများမှု၊ ကိုယ့်ထက်သာမနာလိုမှု၊ ကိုယ်လုပ်တာမှ အကောင်းထင်မှု စတဲ့အကောင်းမမြင်၊ အဆင်ခြင်ကင်းမဲ့မှုတွေ ဖုံးလွှမ်းနေတဲ့ မျက်စိနဲ့ကြည့်ရှုကြမယ်ဆိုရင်တော့ လောကကြီးဟာ အလှတရားတွေ ပျောက်ကွယ်လျော့နည်းသွားမှာပါလား စသဖြင့် တွေးတောနေမိပါတယ်တဲ့။

"တပည့်တော်တို့ သုံးပါးဟာ တစ်ပါးကိုတစ်ပါး အင်မတန်ရတောင့်ရခဲ ဓမ္မမိတ်ဆွေတွေလို့ သဘောထားကြပါတယ်ဘုရား။ ကိစ္စရပ်တိုင်းမှာ သူ့ကိစ္စကိုယ့်ကိစ္စမခွဲခြားဘဲ ဦးသူက အလျင်ပြုမှုဆောင်ရွက်ပေးကြပါတယ် ဘုရား"လို့ ရဟန်းသုံးပါးရဲ့လျှောက်တင်ချက်ကို ကြည်ညိုသဒ္ဓါဖြစ်လွန်းတဲ့စိတ်နဲ့ **"လောကကိုလျှင် လှစေချင်က ငြိုငြင်မာန်တင်း၊ ငြူစူကင်းသည့် ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ"**ဆိုတဲ့ကဗျာကို (နှလုံးသားခံစားချက်နဲ့ ခြယ်မှုန်းသီကုံးခဲ့တာပါလို့ ရှင်းလင်းပြောကြားပြီး အဲဒီကဗျာကို ရွတ်ဆိုပြသွားခဲ့ပါသည်။

ထိုကဗျာကို ဖော်ပြမျှဝေပေးလိုပါသည်။

**ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ**

- **အခါတစ်ပါး၊ မြတ်ဘုရားသည်၊ သုံးပါးသံဃာ၊ ညီညွတ်စွာဖြင့်၊ သာယာချမ်းမြေ့၊ တောမှီမွေ့သည့် အရှေ့ဝါးတော၊ ပြည်ကောသမ္ဗီ၊ အနီးဆီသို့ ၊ ကြွချီတော်မူခဲ့သည်တကား။**
- **"အို. . . ချစ်သားတို့၊ ဘယ်သို့စိတ်ထား၊ ကျင့်ကြံပွားလျက်၊ သုံးပါးညီထွေ နေထိုင်ပေ"ဟု မိန့်ခြွေဗုဒ္ဓ၊ မေးသမျှကို၊ ဖြေကြသည်မှာ ဤသို့တကား။**
- **"အရှင်ဘုရား...၊ ဘုရားတပည့်တော်၊ သုံးဖော်သံဃာ၊ နေပါသည်ကား တစ်ပါးကိုလျှင်၊ တစ်ပါးမြင်သော်၊ ချစ်သောအကြည့်၊ ထိုမျက်စိဖြင့်၊ ကြည့်ကြပါသည် အရှင်ဘုရား"**
- **"ထို့ပြင် နှိုင်းချို၊ ပြုဖွယ်ရှိသော်၊ မိမိကိစ္စ၊ သူ့ကိစ္စဟု၊ ကိစ္စ ပိုင်းခြား၊ ငြင်းမပွားဘဲ၊ သုံးပါးညီစွာ၊ နေထိုင်ပါသည်၊ ပမာ နို့နှင့်ရေပါဘုရား"**
- **"ထို့ပြင်စိတ်တွင်း၊ နှလုံးသွင်း၏၊ သီတင်းသုံးဖော်၊ ငါတို့သော်ကား၊ သင့်လျော်တူကွ၊ နေပေရသည်။ အရတော်ရှာ၊ မိတ်ရင်းချာဟု၊ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ၊ ထာဝရတည်ဆောက်၊ ကြံသက်ရောက်သည်၊ မျက်မှောက်မျက်ကွယ်ပါ ဘုရား"**
- **"ထို့နောက်တွင်ကား၊ ဤသုံးပါးတွင်၊ တစ်ပါးချင်းက၊ ကိုယ့်ဆန္ဒ၌၊ လုံးဝမလိုက်၊ နှစ်ပါးကြိုက်ကို လိုက်လျော ကြည်သာ၊ ဖြည့်စွမ်းပါ၏၊ ကိုယ်သာကွဲပြား ၊ စိတ်မခြားဘဲ၊ သုံးပါးအလို၊ မမောက်မိုသည်၊ သုံးကိုယ်တစ်စိတ်ပါ အရှင်ဘုရား”**
- **ဩော်... အရှင် အနုရုဒ္ဓါမထေရ်၊ အရှင်နန္ဒိယမထေရ်၊ အရှင်ကိမိလ မထေရ်၊ မထေရ်သုံးပါး၊ မြတ်ဘုရားကို၊ ပန်ကြားလျှောက်တင်၊ စကားစဉ်၌၊ နားဝင်ချိုလှစ်၊ အမြင်သစ်ခဲ့၊ ချစ်ခြင်းအပြည့်၊ ထိုမျက်စိဖြင့်၊ ရှုကြည့်လေက၊ မြင်တိုင်းလှလိမ့်၊ လောဘ ဒေါသ၊ အာဃာတနှင့် မာနမျက်စိ၊ ရှိတုံဘိက၊ ကြည့်တိုင်းမလှ၊ ဖြစ်တတ်စွတည့်၊ လောကကိုလျှင်၊ လှစေချင်က၊ ငြိုငြင်မာန်တင်း ၊ ငြူစူကင်းလျက်၊ "ချစ်ခြင်းဖြင့်သာ၊ ရှုမြင်ပါ" ဟု ကဗျာတစ်ပုဒ် ၊ ရင်မှထုတ်၍၊ ကျွန်ုပ် လက်ဆောင် ပေးချင်၏။ ။**

အလွန်ကောင်းပြီး အနှစ်သာရရှိသောကဗျာဖြစ်သည်။ ဗုဒ္ဓဝင်လာကိုစပ်ဆိုထား၍ ဂန္ထဝင်ကဗျာပင်ဖြစ်သည်။ လူ့လောက အသင်းအဖွဲ့၊ အစိုးရ၊ ပုဂ္ဂလိက အားလုံးသည် တစ်ဦးနှင့်တစ်ဦး၊ တစ်သင်းနှင့်တစ်သင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချစ်စိတ်အရင်းခံဖြင့်သာ ရှုမြင်ကြမည်ဆိုပါက လောကကြီးသည် ငြိမ်းချမ်းသာယာလှပနေမှာ သေချာလှပါသည်။

"ချစ်စကိုရှည်ပါစေ၊ မုန်းစကိုတိုပါစေ"။

# လုံခြုံရေးစနစ်မြင့်မားသည့် အကျဉ်းထောင်သစ် ကော်စတာရီကာသမ္မတ ကိုယ်တိုင်ဖွင့်လှစ်

**စန်ဟိုဆေး အောက်တိုဘာ ၁၅**

အုပ်စုဖွဲ့ ရာဇဝတ်မှုများ တိုက်ဖျက်ရေး အစီအစဉ်အရ ကော်စတာရီကာ နိုင်ငံသည် လုံခြုံရေးစနစ် မြင့်မားသည့် အကျဉ်းထောင်သစ် တစ်ခုကို ယနေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

လက်တင် အမေရိကတိုက်၏ ဘေးကင်းလုံခြုံမှုအရှိဆုံး နိုင်ငံအဖြစ် သတ်မှတ်ခံထားရသော ကော်စတာရီကာနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း အုပ်စုဖွဲ့ ရာဇဝတ်မှု ဖြစ်ပွားမှုနှုန်း၊ လူသတ်မှုနှုန်း မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရသည်။

ရာဇဝတ်မှု တိုက်ဖျက်ရေးအစီအစဉ်အရတည်ဆောက်ထားသော အုပ်စုဖွဲ့ရာဇဝတ်မှု တိုက်ဖျက်ရေး အကျဉ်းထောင် (စီအေစီစီအို) အကျဉ်းထောင်သစ်ကို ကော်စတာရီကာသမ္မတ လော်ရာဖာနန်ဒက်ဇ် ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

စန်ဟိုဆေးမြို့အနီး တည်ရှိသည့် စီအေစီစီအို အကျဉ်းထောင်သစ်သည် အကျဉ်းသားဦးရေ ၅၁၀၀ ထိ လက်ခံထိန်းသိမ်းပေးနိုင်ကြောင်း သိရသည်။

စီအေစီစီအို အကျဉ်းထောင်က လက်ခံ ထိန်းသိမ်းထားနိုင်သော အကျဉ်းသား အရေအတွက်မှာ ကော်စတာရီကာ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များက လက်ခံ ထိန်းသိမ်းပေးနိုင်သော အကျဉ်းသားဦးရေ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှကြောင်း ကော်စတာရီကာ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်နှင့် ရုရှား နိုင်ငံခြားရေးဝန်ကြီးများ အဇာဘိုင်ဂျန်နိုင်ငံ၌ တွေ့ဆုံဆွေးနွေး

**ဘာကူး အောက်တိုဘာ ၁၅**



တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီနှင့် ရုရှားနိုင်ငံခြားရေး ဝန်ကြီး ဆာဂေးလက်ဗရော့ဗ်တို့သည် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ကျင်းပခဲ့သော အာရှယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်များဆိုင်ရာ ကွန်ဖရင့်ထိပ်သီးညီလာခံ၌ အောက်တိုဘာ ၁၄ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အောက်တိုဘာ ၁၄ရက်ဆွေးနွေးပွဲတွင် တရုတ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများက အီရန်စစ်ရေး ပဋိပက္ခ အဆုံးသတ်ရေးအတွက် ဆွေးနွေးခဲ့ပြီး အီရန်စစ်ရေး ပဋိပက္ခကြောင့် အရှေ့အလယ်ပိုင်းဒေသတွင်းတည်ငြိမ်မှု ထိခိုက်သွားနိုင်ကြောင်းလည်း ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်တို့သည် တရုတ်၊ ရုရှား၊ အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေး အခြေအနေ များကိုလည်း ဦးစားပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဘာကူးမြို့ ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ရုရှားနှင့် တရုတ်နိုင်ငံတို့ကြား အကန့်အသတ်မဲ့ မိတ်ဖက်ဆက်ဆံရေးကို ထပ်လောင်းအတည်ပြုခဲ့ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့သည် ကာဇက်စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ ပြီးခဲ့သည့် ဩဂုတ် ၃၁ ရက်တွင် တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရေငုပ်သင်္ဘောမှတစ်ဆင့် ပစ်လွှတ်ရသည့် ခရုဇ်ဒုံးကျည်နှစ်မျိုး မြောက်ကိုရီးယားနိုင်ငံ စမ်းသပ်ပစ်လွှတ်



**ပြုံယမ်း အောက်တိုဘာ ၁၅**

မြောက်ကိုရီးယား နိုင်ငံသည် ရေငုပ်သင်္ဘောမှတစ်ဆင့် ပစ်လွှတ်နိုင်သော ခရုဇ်ဒုံးကျည်အမျိုးအစား နှစ်မျိုးကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

စစ်မဲ့ဇုန်နယ်စပ် မြေမြုပ်မိုင်း ပေါက်ကွဲမှုကြောင့် တောင်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေချိန်တွင် အဆိုပါ ခရုဇ်ဒုံးကျည်များကို မြောက်ကိုရီးယားနိုင်ငံက စမ်းသပ် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခရုဇ်ဒုံးကျည်များကို အောက်တိုဘာ ၁၄ ရက်တွင် အရှေ့ပင်လယ်ပြေင်ထဲသို့ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း ကေစီအင်န်အေ သတင်းဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် အောက်တိုဘာ ၁၄ ရက် ဒုံးကျည် စမ်းသပ်မှုများသည် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးအပေါ် အကျိုးသက်ရောက်မှုမရှိခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက ကြေညာထားသည်။

ပြီးခဲ့သည့်လအတွင်း တောင်ကိုရီးယားနိုင်ငံက ထိန်းချုပ်ထားသော စစ်မဲ့ဇုန်နယ်စပ်ဘက်ခြမ်း၌ မြေမြုပ်မိုင်းများ ပေါက်ကွဲခဲ့ပြီး တောင်ကိုရီးယားတပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိခဲ့ပြီးနောက် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးတင်းမာခဲ့ရသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ် အောက်တိုဘာလအတွင်း ဘလစ်စတစ် ဒုံးကျည်စမ်းသပ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပါကစ္စတန်နိုင်ငံ စာသင်ကျောင်းတစ်ကျောင်း၌ ခေါင်မိုးပြိုကျ ကျောင်းသား ၂၇ ဦးနှင့် ကျောင်းဆရာ တစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၅**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ရှိ စာသင်ကျောင်းတစ်ကျောင်း၌ ယနေ့တွင် ကျောင်းခေါင်မိုးပြိုကျခဲ့ရာ ကျောင်းသား ၂၇ ဦးနှင့် ကျောင်းဆရာတစ်ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကျောင်းခေါင်မိုး ပြိုကျမှုကြောင့် သေဆုံးသူကျောင်းသားများအနက် အများစုမှာ အသက် ၁၃ နှစ်အောက် ကျောင်းသားများ ဖြစ်ပြီး သေဆုံးသူ ထပ်မံမြင့်တက်လာနိုင်ကြောင်း ပက်ရှ်ဝါမြို့ တာဝန်ရှိသူများက ပြောကြားထားသည်။

ခေါင်မိုးပြိုကျမှု ဖြစ်ပွားခဲ့သည့် စာသင်ကျောင်းမှာ အယ်လ်ခါရာ ပညာရေးဖောင်ဒေးရှင်း ပုဂ္ဂလိက စာသင်ကျောင်း တစ်ကျောင်းဖြစ်ကြောင်းသိရသည်။

စာသင်ကျောင်း ခေါင်မိုးပြိုကျမှုသည် စာသင်ချိန်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပက်ရှ်ဝါမြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ကျောင်းခေါင်မိုး ပြိုကျခဲ့ပြီးနောက် အပျက်အစီးများကြားမှ ကျောင်းသား ၄၅ ဦးကို ကယ်ထုတ်နိုင်ခဲ့သော်လည်း ကျောင်းသားအချို့ ဆက်လက်ပိတ်မိနေဖွယ်ရှိပြီး ဒဏ်ရာရသူဦးရေ ၂၀ လည်းရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် စာသင်ကျောင်း ခေါင်မိုးပြိုကျမှု အကြောင်းရင်းကို ပါကစ္စတန် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ် ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဟော်မုဇ်ရေလက်ကြားအနီး တိုက်ခိုက်ခံရမှုကြောင့် ကုန်တင်သင်္ဘောနှစ်စီး နစ်မြုပ်



**တီဟီရန် အောက်တိုဘာ ၁၅**

ဟော်မုဇ်ရေလက်ကြား အနီး၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကုန်သေတ္တာတင် သင်္ဘောတစ်စီးနှင့် ကုန်ခြောက်တင်သင်္ဘောတစ်စီးတို့ တိုက်ခိုက်ခံရမှုကြောင့် နစ်မြုပ်ခဲ့ကြောင်း ပင်လယ်ရေကြောင်း လုံခြုံရေးတာဝန်ရှိသူများက အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပင်လယ်ရေကြောင်း လုံခြုံရေးတာဝန်ရှိသူများ၏အဆိုအရ ပြီးခဲ့သည့် ၁၀ ရက်တွင်း ဟော်မုဇ်ရေလက်ကြားဝန်းကျင်၌ ရေယာဉ်များ တိုက်ခိုက်ခံရမှုမြင့်တက်လာကြောင်း သိရသည်။

ဟော်မုဇ် ရေလက်ကြားအနီး နစ်မြုပ်ခဲ့သော သင်္ဘောနှစ်စီး အနက် တစ်စီးမှာ စင်ကာပူမှတ်ပုံတင် ဂျီအက်ဖ်အက်စ်ပရိုက်ဒ် ကုန်သေတ္တာတင် သင်္ဘောတစ်စီးဖြစ်ပြီး ကျန်သင်္ဘောတစ်စီးမှာ အင်တီဂွာနှင့် ဘာဘူဒါမှတ်ပုံတင် ကိုပ်ဒါအို သင်္ဘောဖြစ်ကြောင်း နိုင်ငံတကာ ပင်လယ်ရေကြောင်း အဖွဲ့ချုပ်၏ အဆိုအရ သိရသည်။

ဂျီအက်ဖ်အက်စ် ပရိုက်ဒ် သင်္ဘောနှင့် ကိုပ်ဒါအိုသင်္ဘောတို့သည် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်စစ်ရေးပဋိပက္ခစတင်ပြီးနောက်ပိုင်း ဟော်မုဇ်ရေလက်ကြားအနီး တိုက်ခိုက်ခံရမှုကြောင့် နစ်မြုပ်ခဲ့သောဒုတိယနှင့် တတိယမြောက် သင်္ဘောများဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အခြားဂြိုဟ်တစ်စင်း၏မျက်နှာပြင်ပေါ်၌ ခရီးအဝေးဆုံးမောင်းနှင်သွားလာနိုင်သည့် အာကာသယာဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်



**ဝါရှင်တန် အောက်တိုဘာ ၁၅**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အခြားဂြိုဟ်တစ်စင်း၏ မျက်နှာပြင်ပေါ်၌ ခရီးအဝေးဆုံး မောင်းနှင်သွားလာနိုင်သည့် အာကာသယာဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်သို့ စတင်ရောက်ရှိခဲ့ပြီးနောက်ပိုင်းမှစ၍ လက်ရှိအချိန်ထိ ခရီးအကွာအဝေး ၂၈ ဒသမ ၁ မိုင် (၄၅ ဒသမ ၂ ကီလိုမီတာ)ထိ သွားလာရောက်ရှိခဲ့ကြောင်း နာဆာက အောက်တိုဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မော်တော်ယာဉ်တစ်စီးအရွယ်ရှိ ဘီးခြောက်ဘီးတပ် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မစ်ရှင်သက်တမ်း ငါးနှစ်ခွဲအကြာတွင် ခရီးအကွာအဝေး ၂၈ ဒသမ ၁ မိုင်ထိ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ် မစ်ရှင်သက်တမ်း ငါးနှစ်ခွဲရှိပြီဖြစ်သော်လည်း ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်၏အင်ဂျင်နီယာစနစ်များနှင့် စူးစမ်းလေ့လာရေးစနစ်များမှာ အကောင်းဆုံးအခြေအနေတွင် ရှိနေဆဲဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားထားသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် နာဆာကပင် လွှတ်တင်ထားသော ကျူနတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်ကို ကျော်ဖြတ်၍ အခြားဂြိုဟ်တစ်စင်းပေါ်၌ ခရီး အဝေးဆုံးသွားရောက်နိုင်ခဲ့သော အာကာသယာဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ဆားဓာတ်ကို အလွန်အကျွံစားသုံးပါက အသည်းအဆီဖုံးရောဂါ ဖြစ်ပွားနိုင်

**စင်ကာပူ အောက်တိုဘာ ၁၅**

ဆားဓာတ်ကို အလွန်အကျွံစားသုံးပါက အသည်းအဆီဖုံး ရောဂါ ဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

စင်ကာပူနိုင်ငံ ဂျူအင့်စ်ယူ အက်စ်ဆေးကျောင်းမှ သုတေသနပညာရှင်များ၏အဆိုအရ ဆားဓာတ်ပါဝင်မှုမြင့်မားသည့်ဓာတ်စာများစားသုံးမှုသည် အသည်း၌အဆီဓာတ်များ အထိုက်အလျောက် စုစည်းလာနိုင်ကြောင်း သိရသည်။

ထို့ပြင် ဆားဓာတ်ပါဝင်မှုမြင့်မားသည့် ဓာတ်စာများကြောင့် အတွင်းရောင်ရမ်းမှုနှင့် အသည်းအနာရွတ်ထင်မှု ပြဿနာများလည်း ရှိလာနိုင်ကြောင်းသုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆားဓာတ်ပါဝင်မှုမြင့်မားသော ဓာတ်စာများသည် ကိုယ်အလေးချိန်လွန်ကဲခြင်းမရှိသူများ၌ အသည်းအဆီဖုံးရောဂါ ဖြစ်ပွားမှုတွင် တစ်ခန်း တစ်ကဏ္ဍပါဝင်နေနိုင်ကြောင်း သိရသည်။

အသည်းအဆီဖုံး ရောဂါကြောင့် အသည်းရောင်ရမ်းမှု၊ အသည်း အမာရွတ်ထင်မှုတို့ဖြစ်ပွားနိုင်ပြီး ပိုမိုဆိုးရွားလာပါက အသည်းပျက်စီးသွားတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# Wall Sit လေ့ကျင့်ခန်းကို တစ်ပတ်လျှင်တစ်ကြိမ် ပြုလုပ်ခြင်းဖြင့် သွေးဖိအားကို လျှော့ချနိုင်

**လန်ဒန် အောက်တိုဘာ ၁၅**

Wall Sit လေ့ကျင့်ခန်းကို တစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်ခြင်းဖြင့် သွေးဖိအားကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကိုကိုးကား၍အောက်တိုဘာ ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ဦးရေ ၁၀၀ ခန့်ကို Wall Sit ခေါ် နံရံကို ကပ်၍ပုံစံသေအထိုင်လေ့ကျင့်ခန်းကို တစ်ပတ်လျှင် သုံးကြိမ်နှုန်းဖြင့် ရက်သတ္တပတ် လေးပတ်ကြာမျှ ပြုလုပ်စေခဲ့သည်။

ထို့နောက် သုတေသနပညာရှင်များသည် စမ်းသပ်မှုတွင် ပါဝင်နေသူများကို သုံးစုခွဲ၍ တစ်စုကို တစ်ပတ်လျှင် Wall Sit လေ့ကျင့်ခန်းတစ်ကြိမ်၊ တစ်စုကို သုံးကြိမ်နှင့် တစ်စုကို လုံးဝမပြုလုပ်စေဘဲ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Wall Sit လေ့ကျင့်ခန်းကို တစ်ပတ်လျှင် သုံးကြိမ်ထိ ပြုလုပ်သူများသည် သွေးဖိအားကို အထိရောက်ဆုံး လျှော့ချနိုင်သည်ကိုတွေ့ရကြောင်း၊ သို့ရာတွင် Wall Sit လေ့ကျင့်ခန်းကို တစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်သူများ အနေဖြင့်လည်း သွေးဖိအားကို လျှော့ချထားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အဆိုပါ Wall Sit လေ့ကျင့်ခန်းပြုလုပ်ချိန်တွင် ခြေထောက်ကြွက်သားများတင်းလာပြီး သွေးစီးဆင်းမှုကို ယာယီကန့်သတ်ထားကြောင်း၊ လေ့ကျင့်ခန်းကို ရပ်လိုက်ချိန်တွင် သွေးကြောများအတွင်း သွေးစီးဆင်းမှုပြန်လည်မြင့်တက်လာပြီး သွေးကြောများကို ကျယ်ပြန့်ပြေလျော့စေသည့် နိုက်ထရစ်အောက်ဆိုက်ဓာတ်ငွေ့များ ပေါ်ထွက်လာတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO




# စမတ်ဖုန်းကိုသယ်ဆောင်၍ လူအနီးမှလိုက်ပါနိုင်ပြီး ဓာတ်ပုံများရိုက်ကူးပေးနိုင်သော ခြေထောက်နှစ်ချောင်းပါ စက်ရုပ်တစ်မျိုးကို သိပ္ပံပညာရှင်များဖန်တီးထား

**ဝါရှင်တန် အောက်တိုဘာ ၁၅**

စမတ်ဖုန်းကို သယ်ဆောင်၍ လူအနီးမှလိုက်ပါနိုင်ပြီး ဓာတ်ပုံများ ရိုက်ကူးပေးနိုင်သော ခြေထောက်နှစ်ချောင်းပါ စက်ရုပ်တစ်မျိုးကို သိပ္ပံပညာရှင်များက ဖန်တီးထားကြောင်း အောက်တိုဘာ ၁၄ ရက်သတင်းများအရ သိရသည်။

Phone Bot ဟု အမည်ပေးထားသော အဆိုပါစက်ရုပ်ကို ကယ်လီဖိုးနီးယား တက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက ဖန်တီးတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ကိုယ်ထည်အမြင့် ၁၉ လက်မနှင့် အလေးချိန် ၁ ဒသမ ၈ ကီလိုဂရမ်ရှိ Phone Bot စက်ရုပ်သည် စမတ်ဖုန်းကို သယ်ဆောင်၍ လူနောက်မှ လမ်းလျှောက်လိုက်ပါနိုင်ပြီး ဓာတ်ပုံများရိုက်ကူးပေးနိုင်ကြောင်း သိရသည်။



အဆိုပါစက်ရုပ်သည် စမတ်ဖုန်း၏ ကင်မရာစနစ်ကို အသုံးပြု၍ လူနောက်မှ ခြေရာခံလိုက်နိုင်ပြီး လှုပ်ရှားမှုအာရုံခံစနစ်ကိုသုံး၍ ကိုယ်ခန္ဓာ၏ လှုပ်ရှားမှုနှင့် ဦးတည်မှုဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Phone Bot စက်ရုပ်၏ ခြေထောက်တစ်ချောင်းစီတွင် မော်တာ ခြောက်လုံးစီနှင့် ကိုယ်ထည်ကို လှည့်ပတ်နိုင်ရန် ရင်ဘတ်ပိုင်း၌ မော်တာတစ်လုံး တပ်ဆင်ထားသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ် ဂြိုဟ်တု ၂၇ စင်းကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၂ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း စပေ့စ်အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက စက်တင်ဘာ ၁၉ ရက်နောက်ပိုင်းလွှတ်တင်ခဲ့သော ပထမဆုံး စတားလင့်ခ်မစ်ရှင်ဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ပေါင်း ၁၁၂ ကြိမ်ထိ လွှတ်တင်ခဲ့ရာ ၎င်းမစ်ရှင်များအနက် ၈၂ ခုမှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော မစ်ရှင်များဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၅**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြေအသုံးချခွင့်ရရှိနေမှု စိစစ်ပေးနိုင်ရေး၊ တရားမဝင် ပြည်ပအလုပ်သမားများ လျှော့ချနိုင်ရေးနှင့် ပြည်ပအလုပ်သမားများ၏ လစာဝင်ငွေများကို အစိုးရဘဏ်ကတစ်ဆင့် လွှဲပြောင်းပေးနိုင်ရေး၊ နယ်စပ်ဂိတ်များတွင် ပစ္စည်းတန်ဖိုး၏ သုံးရာခိုင်နှုန်း အခွန်ကောက်၍ခွင့်ပြုပေးနိုင်ရေးနှင့် လူတစ်ဦးလျှင်ပစ္စည်းတန်ဖိုး ကျပ်သိန်း ၅၀ ဖိုး သယ်ယူခွင့်ပြုနိုင်ရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ငါးခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **အောင်ပန်းဒေသ သစ္စာမြောင်မြနန္ဒာနှင့် အခြားရေဝေရေလဲဒေသများကို ကြီးကြပ်မည့်အစီအစဉ်နှင့် ၎င်းဒေသများ၌ မြေအသုံးချခွင့်ရနေမှုကို အမြန်ဆုံးစိစစ်ပြီး ပြီးပြတ်ရေးဆောင်ရွက်ပေးမည့်ကာလ သတ်မှတ်ချက်အစီအစဉ်ကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက ရှမ်းပြည်နယ် ကလောမြို့နယ် အောင်ပန်းဒေသ သစ္စာမြောင်မြနန္ဒာရေဦးရေထွက်သည် အောင်ပန်းကြိုးဝိုင်းအတွင်းပါဝင်ပါကြောင်း။

လယ်ယာမြေဧရိယာ ၄၉ ဒသမ ၅၅ ဧကတွင် ဦးပိုင် ၂၃ ခု၊ တောင်သူ ၁၉ ဦးတို့က လုပ်ကိုင်လျက်ရှိပြီး ဦးပိုင် ၁၈ ခု၊ တောင်သူ ၁၇ ဦး၊ မြေဧရိယာ ၃၇ ဒသမ ၈၉ ဧကကို မြေစာရင်းဦးစီးဌာနက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ဦးပိုင်သုံးခု၊ တောင်သူတစ်ဦး၊ မြေဧရိယာ ၉ ဒသမ ၆၆ ဧကမှာ မြေယာအငြင်းပွားမှုရှိနေသဖြင့် (ပုံစံ-၇) ထုတ်ပေးထားခြင်းမရှိသေးပါကြောင်း၊ နှစ်ဧက ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ပေးထားပါကြောင်းနှင့် သုံးဧကကို တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြေငှားဂရန်ချထားပေးခဲ့ပါကြောင်း။

လွယ်မောကျေးရွာအုပ်စု ကွင်းအမှတ်(၃၁)အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၆၈ ဒသမ ၄၅ ဧကထဲမှ မြေဧရိယာ တစ်ဧကခန့်ကို ဘုန်းကြီးကျောင်း ကျူးကျော်တည်ဆောက်အသုံးပြုထားသည်ကို စိစစ်တွေ့ရှိရပြီး ကျန်မြေနေရာများတွင် သဘာဝထင်းရှူးပင်များ ပေါက်ရောက်လျက်ရှိပါကြောင်း၊ အောင်ပန်းကြိုးဝိုင်းအတွင်း ကျရောက်သည့် ၅၂၂ ဧကတွင် သာသနာမြေ ၃၆ ဧက၊ စီးပွားရေးထင်းရှူးစိုက်ခင်း ၆၅ ဧက၊ စီးပွားရေးထင်းရှူးစိုက်ခင်း ဧက ၁၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၃၂ ဧကတို့ တည်ထောင်ခွင့်ပြုထားပါကြောင်း၊ သဘာဝတောကျန်ဧရိယာ ၃၁၇ ဒသမ ၁၃ ဧကရှိပြီး သုံးဧကကျော်ပေါ်တွင် ကျူးကျော်နေထိုင်သူများရှိသည်ကို စိစစ်တွေ့ရှိရပြီး ကျူးကျော်နေထိုင်သူ ၁၇ ဦးနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာနက အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ရေဝေရေလဲဒေသများကို ကြီးကြပ်ပေးမည့်အစီအစဉ်နှင့်ပတ်သက်ပြီး မြို့နယ် ၁၀ မြို့နယ်တွင် ရေဝေရေလဲစိုက်ခင်း၊ ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း၊ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများအပါအဝင် စိုက်ခင်းမျိုးစုံဧရိယာဧကစုစုပေါင်း ၇၇၁၇ ဧက စိုက်ပျိုးခဲ့ပါကြောင်း။

ရှမ်းပြည်နယ်အတွင်းရှိ သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ စနစ်တကျထိန်းသိမ်းကာကွယ်ရေးတို့အတွက် ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေနှင့်အညီ ရေဝေရေလဲဒေသများ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် တရားမဝင်မြေအသုံးချမှုများ မဖြစ်ပေါ်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **တရားမဝင် ပြည်ပအလုပ်သမားများ လျှော့ချရန်နှင့် ပြည်ပအလုပ်သမားများ၏ လစာဝင်ငွေ နိုင်ငံသို့ လွှဲပြောင်းရာတွင် အစိုးရဘဏ်ကတစ်ဆင့် လွှဲပြောင်းပေးပို့ရန် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ လုပ်သားများ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရန်အတွက် အလုပ်သမားလက်ခံသည့်နိုင်ငံများသို့ အလုပ်သမားရေးရာဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့်အညီ ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများ၏ တာဝန်ခံမှုဖြင့်စေလွှတ်ခဲ့ခြင်း၊ မိမိအစီအစဉ်ဖြင့် သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများအတွက် လုပ်ငန်းခွင်၏ အလုပ်ခေါ်စာမှန်ကန်မှုရှိစေရန် အလုပ်သမားသံအရာရှိများက သက်ဆိုင်ရာနိုင်ငံ၏ အလုပ်ခေါ်စာကို စိစစ်ပေးခြင်း၊ သံအရာရှိမထားရှိသည့် နိုင်ငံများအတွက် မြန်မာနိုင်ငံဆိုင်ရာသံရုံးများမှတစ်ဆင့် စိစစ်ပေးပြီး လက်ခံနိုင်ငံ၏ အလုပ်သမားအခွင့်အရေးအပြည့်အဝရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပသို့အလုပ်သမားများ တရားမဝင်သွားရောက်လုပ်ကိုင်မှုလျှော့ချနိုင်ရန်အတွက် ဝန်ကြီးဌာနသည် တရားမဝင် လုပ်သားစေလွှတ်ခဲ့သည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများကို ထိရောက်သောပြစ်ဒဏ်များ ချမှတ်အရေးယူခြင်း၊ လူထုမီဒီယာမျိုးစုံအသုံးပြု၍ အသိပညာပေးခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ လုပ်ခ၊ လစာငွေများကို ၎င်းတို့၏မိသားစုများထံသို့ လွှဲပို့နိုင်ရေးအတွက် နည်းလမ်းနှစ်မျိုးဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ AD လိုင်စင်ရဘဏ်များနှင့် နိုင်ငံတကာငွေလွှဲအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သည့် ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းနှင့် ကုမ္ပဏီများကို ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင် ခွင့်ပြုခြင်းတို့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ပြည်ပငွေလွှဲလုပ်ငန်းဝန်ဆောင်မှုဆောင်ရွက်ရန် AD လိုင်စင်ရဘဏ်များက တင်ပြလာပါက စိစစ်ခွင့်ပြုပေးလျက်ရှိပြီး ကုမ္ပဏီများက တင်ပြလာပါက စိစစ်၍ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင် AD လိုင်စင်ရဘဏ် ၁၆ ခုကို ဝန်ဆောင်မှုဆောင်ရွက်မည့် နိုင်ငံအလိုက် နိုင်ငံတကာငွေလွှဲအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုထားပါကြောင်း။

ထို့ပြင် ကုမ္ပဏီ ၁၈ ခုကို ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဝန်ဆောင်မှုဆောင်ရွက်မည့် နိုင်ငံအလိုက် ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင် ခွင့်ပြုထားပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် အလုပ်သမားများ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ရာတွင် တရားဝင်လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး၊ တရားမဝင်လမ်းကြောင်းမှ သွားရောက်မှုလျှော့ချနိုင်ရေးနှင့် ပြည်ပရောက်အလုပ်သမားများထံမှ မိသားစုလွှဲပို့ငွေကို တရားဝင်လွှဲပို့နိုင်ရေးအတွက် နိုင်ငံပိုင်ဘဏ်ဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိက AD လိုင်စင်ရဘဏ်များမှတစ်ဆင့်လည်းကောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများမှတစ်ဆင့်လည်းကောင်း လွှဲပို့နိုင်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးအောင်ဇော်မိုး ခေါ် အောင်ဇော်မိုးထွန်း၏ **မူဆယ်မြို့ပေါ်ရှိ နယ်စပ်ဂိတ်များ၌ ပစ္စည်းသယ်ယူမှုကို တန်ဖိုး၏ သုံးရာခိုင်နှုန်း အခွန်ကောက်ခံပေးရန်နှင့် လူတစ်ဦးလျှင် ပစ္စည်းတန်ဖိုး ကျပ်သိန်း ၅၀ ဖိုး သယ်ယူခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က ယခင် သုံးရာခိုင်နှုန်းကောက်ခံ၍ တင်သွင်းခွင့်ပြုထားသည့် သွင်းကုန်ပစ္စည်း ၁၄၆ မျိုးသည် Non-Automatic Licensing စနစ်ဖြင့် သွင်းကုန်လိုင်စင် လျှောက်ထားရမည့် ကုန်စည်များစာရင်းတွင် ပါရှိနေပြီး ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းမှုအတွက် နိုင်ငံခြားငွေသုံးစွဲမှုကို စိစစ်ကန့်သတ်နေချိန်ဖြစ်သောကြောင့် သုံးရာခိုင်နှုန်း ဒေသသုံး အခွန်ပေးဆောင်ပြီး ပြည်တွင်းထိ တင်သွင်းဆောင်ရွက်လာနိုင်၍လည်းကောင်း၊ သုံးရာခိုင်နှုန်း ဒေသသုံးအခွန်ကောက်ခံသည့် အဖွဲ့များအနေဖြင့် အခွန်ပါရှိကုန်ပစ္စည်းနှင့် တန်ဖိုးကို စိစစ်ရန် အခက်အခဲရှိ၍လည်းကောင်း နှစ်နိုင်ငံကုန်သွယ်မှုစာရင်းကွာဟမှုကို ပိုမိုဖြစ်စေနိုင်သည့်အတွက် အဆိုပါကုန်ပစ္စည်းများကိုလည်း Myanmar Tradenet 2.0 တွင် သွင်းကုန်လိုင်စင် လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နယ်စပ်ဂိတ်များမှ ဒေသသုံးပစ္စည်းများ သယ်ယူမှုကို ပစ္စည်းတန်ဖိုး၏ သုံးရာခိုင်နှုန်း အခွန်ကောက်ခံဆောင်ရွက်ပေးရန်နှင့် လူတစ်ဦးလျှင် ပစ္စည်းတန်ဖိုးကျပ်သိန်း ၅၀ ဖိုး သယ်ယူခွင့်ပြုပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ လတ်တလောခွင့်ပြုပေးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ် မိုးကောင်းကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် RC တစ်ထပ်ဆောင် ချထားပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မိုးကောင်းကွင်း အခြေခံပညာအလယ်တန်းကျောင်းရှိ ယာယီဆောင်တွင် စာသင်ခန်း သုံးခန်းဖြင့် ပညာသင်ကြားနေရခြင်းကြောင့်လည်းကောင်း၊ ကျောင်းဆောင်ဆောက်လုပ်ရန် မြေနေရာအနေအထားအရလည်းကောင်း ပေ ၉၀ x ၃၀ RC တစ်ထပ်ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်းဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့နယ် ဘုရားငါးဆူ အ.ထ.က(ခွဲ)နှင့် မယ်ဇလီကန် အ.ထ.က ကျောင်းတို့အတွက် RCC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဘုရားငါးဆူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်လေးဆောင်၌ စာသင်ခန်း ၁၇ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မန္တလေးလျှပ်ကြီးကြောင့် အုတ်ညှပ်နှစ်ထပ်ဆောင်ကို ဖျက်သိမ်းပြီးဖြစ်ပါသဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်းဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မယ်ဇလီကန် အခြေခံပညာအထက်တန်းကျောင်းတွင် တန်းခွဲဦးရေအရ လိုအပ်သောစာသင်ခန်း ၁၀ ခန်းအတွက် တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပေ ၁၇၀ x ၃၀ RCC နှစ်ထပ် ကျောင်းဆောင်ကို လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်းဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင် တင်သွင်းသည့် **"ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ (ဝိဇ္ဇာချွန်ဆု၊ သိပ္ပံချွန်ဆု)ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၈) နိုင်ငံသား၊ ပုဒ်မ ၃၆၈ နှင့်အညီ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆို"**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တောင်ကြီး မဲဆန္ဒနယ်မှ နန်းကျင်း ခေါ် နန်းစိန်က** ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၈ တွင် နိုင်ငံသားများ ပညာရည်မြင့်မားရေးအတွက် ခေတ်မီအမျိုးသားပညာရေးစနစ်ကို ဖော်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း လက်ရှိတွင် ဝေးလံခေါင်ဖျားဒေသမှ ကျောင်းသားများသည် မြို့ပေါ်ရှိတက္ကသိုလ်များသို့ မလာရောက်ဘဲ အိမ်နီးချင်းနိုင်ငံများ၏ ပညာရေးနှင့် ဘာသာစကားသင်ယူမှုကို ပိုမိုအားပြုလာကြပါကြောင်း၊ ယင်းနောက်ကြီးမားလှသော အမျိုးသားရေးဟာကွက်ဖြစ်ပြီး ရေရှည်တွင် ပြည်ထောင်စုစိတ်ဓာတ်လျော့နည်းကာ လူသားအရင်းအမြစ်များ အခြားနိုင်ငံသို့ ယိုစီးဆုံးရှုံးသွားစေမည့် စိန်ခေါ်မှုကြီးဖြစ်ပါကြောင်း၊ ၎င်းတို့ မိခင်နိုင်ငံသို့ ပြန်လည်ဦးလှည့်လာစေရန် "ဒေသအလိုက်သီးသန့်ခွဲတမ်း (Quota စနစ်)"၊ လုံလောက်သော ထောက်ပံ့ကြေးနှင့် အလုပ်အကိုင်အာမခံချက်များ ထည့်သွင်းပေးသင့်ပါကြောင်း။

နိုင်ငံတော်က အဆိုပါ ဝိဇ္ဇာ၊ သိပ္ပံချွန်ဆုအစီအစဉ်ဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များကို မျှမျှတတပြုစုပျိုးထောင်ပေးခြင်းသည် အနာဂတ်တွင် ပြည်ထောင်စုကြီးတစ်ခုလုံး **စာမျက်နှာ ၉ သို့**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၃ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါ်နော်ဖလောရင့်ဒယ်နီ၏ **ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်နေသော စိတ်ကျန်းမာရေးအထူးကုဆရာဝန်နှင့် ကျောက်ကပ်ရောဂါအထူးကုဆရာဝန်တို့ကို ခန့်အပ်ပေးရန် အစီအစဉ်ရှိ မရှိနှင့် ခန့်အပ်နိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးနှင့်အတူ အထူးကုဆရာဝန် ၁၅ ဦး၊ လက်ထောက်ဆရာဝန် ငါးဦးနှင့် ကျန်းမာရေးဝန်ထမ်း ၁၆၅ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ သမားတော် နှစ်ဦးသည် ဆေးပညာမဟာသိပ္ပံ၊ အထွေထွေသမားတော် သုံးနှစ်သင်တန်းတွင် စိတ်ကျန်းမာရေး၊ ကျောက်ကပ်၊ နှလုံး၊ အသည်း၊ ဦးနှောက်နှင့်အာရုံကြောရောဂါများအတွက် သင်တန်းပေးပြီးဖြစ်၍ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါဝေဒနာရှင်များကို တာဝန်ယူကုသပေးလျက်ရှိကြောင်း၊ ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပါသမားတော် နှစ်ဦးက ဦးစီးပြီး သင်တန်းဆင်းသူနာပြုများနှင့် ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ ကျွမ်းကျင်ဝန်ထမ်းများ ထပ်မံမွေးထုတ်ပေးနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်အပေါ်တွင် စိစစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံကြီးများတွင် ဦးစားပေးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန်တစ်ဦးကို ၂၈-၈-၂၀၂၆ ရက်စွဲပါစာဖြင့် ပြည်သူ့ဆေးရုံကြီး လွိုင်ကော်မြို့သို့ တာဝန်ချထားပြီးဖြစ်ကာ လက်ရှိတွင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဒေါ်ယဉ်မင်းထိုက်၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျူချောင်ကျေးလက်ကျန်းမာရေးဌာနကို ဝန်ထမ်းအိမ်ရာပါဝင်သော စံကိုက်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအသစ်တစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **စာမျက်နှာ ၁၀ သို့**

---

**စာမျက်နှာ ၈ မှအဆက်**

စည်းလုံးညီညွတ်ပြီး “ထာဝရငြိမ်းချမ်းရေး တည်ဆောက်မှု”ကို အထောက်အကူပြုသည့်လုပ်ငန်းစဉ်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း**က နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းရှိသော လူငယ်လူရွယ်များ မွေးထုတ်ပေးခြင်းသည် အရေးကြီးသည့် အခြေခံအချက်တစ်ရပ်ဖြစ်ပါကြောင်း၊ အရည်အချင်းရှိသည့် လူငယ်လူရွယ်များထဲတွင် ဘာသာရပ်အလိုက် ထူးချွန်သူများကို စနစ်တကျရှာဖွေဖော်ထုတ်၍ ၎င်းတို့၏ပညာရည်ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်စွမ်းများကို ပိုမိုတိုးတက်လာစေရန် အထူးလေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ လက်ရှိအချိန်တွင် ကျောင်းသား၊ ကျောင်းသူများ၏ ထူးချွန်မှုကို အများအားဖြင့် စာမေးပွဲရလဒ်များအပေါ်အခြေခံ၍သာ သတ်မှတ်လေ့ရှိကြသဖြင့် ဘာသာရပ်တစ်ခုချင်းစီတွင် ထူးခြားသောအရည်အချင်း၊ သုတေသနစိတ်ဓာတ်၊ ဖန်တီးနိုင်စွမ်းနှင့် လက်တွေ့အသုံးချနိုင်စွမ်းရှိသည့် ကျောင်းသားများကို ထိရောက်စွာ ရွေးချယ်ပျိုးထောင်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

အမျိုးသားအဆင့် ထူးချွန်သောလူငယ်လူရွယ်၊ အရည်အချင်းစောင့်ရှောက်ရေးစနစ် တည်ဆောက်ခြင်းနှင့် အနာဂတ်နိုင်ငံ လူသားအရင်းအမြစ်အဖြစ် ပျိုးထောင်ခြင်း စသည့်ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများကို တိကျမျှတသောစံနှုန်းများဖြင့် ရွေးချယ်၍ ဝိဇ္ဇာ၊ သိပ္ပံထူးချွန်ဆုများကို ချီးမြှင့်ပေးခြင်းနှင့်အတူ ၎င်းတို့၏အရည်အချင်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အထူးလေ့ကျင့်ပျိုးထောင်ပေးသည့်အစီအစဉ်ကို နိုင်ငံတော်အဆင့်မူဝါဒတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ပေးရန် လိုအပ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း။

ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များအပြင် နိုင်ငံ၏ လက်တွေ့ဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် ဆက်စပ်နေသည့် ပညာရပ်နယ်ပယ်များတွင်ပါ ထူးချွန်လူငယ်များကို ရှာဖွေဖော်ထုတ်ပြီး စနစ်တကျပြုစုပျိုးထောင်ပေးသင့်ပါကြောင်း၊ မိမိတို့အနေဖြင့် ယနေ့လူငယ်များ၏ ပညာရေးအပေါ် ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်တွင် နိုင်ငံ၏ထုတ်လုပ်မှုစွမ်းအား၊ နည်းပညာစွမ်းရည်နှင့် စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းတို့အပေါ် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်ဟု နားလည်ထားသင့်ပါကြောင်း၊ ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးတွင် အရည်အချင်းနှင့် အခွင့်အလမ်းတန်းတူညီမျှရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကျောင်းသားတစ်ဦး၏ထူးချွန်မှုကို စာမေးပွဲရမှတ်တစ်ခုတည်းဖြင့် ဆုံးဖြတ်ခြင်းထက် သင်္ချာနှင့် သိပ္ပံဆိုင်ရာ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ လက်တွေ့စမ်းသပ်ဖန်တီးနိုင်စွမ်းနှင့် သုတေသနပြုလိုစိတ်တို့ကိုပါ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်**က ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၏အသိဉာဏ်ပညာပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှု စသည့်အရည်အချင်းများ ပြည့်စုံနိုင်ရန်အတွက် အခြေခံအဆင့်မှာပင် ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများ စနစ်တကျပူးပေါင်းလေ့ကျင့်ပျိုးထောင်ထားရန် လိုအပ်ကြောင်း အကြံပြုလိုပါကြောင်း၊ သို့မှသာ အဆိုပါ ကျောင်းသား၊ ကျောင်းသူများ နိုင်ငံတကာသို့ ပညာတော်သင်စေလွှတ်ကာ တတ်မြောက်လာသောပညာရပ်များဖြင့် နိုင်ငံတော်ကို ပြန်လည်အကျိုးပြုစေမည့် ရည်မှန်းချက်အောင်မြင်စေရန် အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားမှုစနစ်များသည်လည်း သင်ကြားရေးနှစ်အလိုက် ထိရောက်မှုရှိစေရေး ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်၍ သင်ကြားရေးစနစ်အပေါ် အပြည့်အဝလက်ခံကျင့်သုံးပြီး အရည်အချင်းပြည့်မီသော ပညာရှင်များ ပေါ်ထွန်းလာရန်လိုအပ်ကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်နှင့် မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင် တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ ရွေးချယ်ပြီး အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေးအစီအစဉ်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ခဲ့ပါကြောင်း၊ ယင်းအစီအစဉ်အတွက် သင်တန်းသားလျှောက်ထားမှုများကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် သီးသန့်ဖော်ပြလျှောက်ထားစေခဲ့ပြီး အနိမ့်ဆုံးရမှတ်သတ်မှတ်ချက်တွင် အနိမ့်ဆုံးအဖြစ် အင်္ဂလိပ်စာဘာသာရပ်တွင် ၇၅ မှတ်နှင့်အထက်ရရှိရန် လိုအပ်ပါကြောင်း၊ အစီအစဉ်အတွက် ကျောင်းသားဦးရေ စတင်ခေါ်ယူခဲ့စဉ်က တစ်ဘာသာလျှင် ကျောင်းသားဦးရေ ၅၀ ထိသာ သတ်မှတ်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် ကျောင်းသားစုစုပေါင်းဦးရေ ၂၀၀၀ ထိတိုးမြှင့်ပြီး ဘာသာရပ်အများစုကို တစ်ဘာသာလျှင် ဦးရေ ၁၀၀ စီထိ ခေါ်ယူခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစတင်ပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို သီးခြားတက္ကသိုလ်များအဖြစ်သတ်မှတ်ခဲ့ပြီး လျှောက်ထားလိုသူများသည် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့သို့ တိုက်ရိုက်လျှောက်ထားပြီး သက်ဆိုင်ရာတက္ကသိုလ်များ၏ အထူးပြုဘာသာရပ်အလိုက် သီးသန့်ဝင်ခွင့်ရွေးချယ်ရေးမှုများဖြင့် ရွေးချယ်ခဲ့ပါကြောင်း၊ ယင်းပညာသင်နှစ်မှစတင်ပြီး “ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ကျောင်းသားများ ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေးအစီအစဉ်”အစား တိုက်ရိုက်လျှောက်ထားရမည့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်နှင့် ဒီဂရီကောလိပ်၊ ကောလိပ်များကို သတင်းစာများ၌ သီးခြားကြော်ငြာခေါ်ယူပြီး လျှောက်ထားရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ဖွင့်လှစ်ခဲ့သည့် “ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများရွေးချယ်ပြီး အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေးအစီအစဉ်”အရ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို သီးခြားဝင်ခွင့်ရွေးချယ်မည့် တက္ကသိုလ်များအစီအစဉ်တွင် ထည့်သွင်းလျှောက်ထားခွင့်ပြုပြီး ထူးချွန်ဆုများကို ယနေ့ထိ ဆက်လက်ချီးမြှင့်ပေးခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစပြီး အစီအစဉ်သစ်အနေဖြင့် Naypyitaw State Academy တွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့နည်းတူ ထူးချွန်ဆုများချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ Naypyitaw State Academy၊ စီးပွားရေးတက္ကသိုလ်တို့ရှိ ဝိဇ္ဇာဘာသာရပ်များဖြစ်သည့် စီးပွားရေးပညာဘာသာရပ်နှင့် ဥပဒေပညာဘာသာရပ်၊ သိပ္ပံဘာသာရပ်များဖြစ်သည့် သင်္ချာ၊ ဓာတုနှင့် ရူပဗေဒဘာသာရပ်များတွင် ထူးချွန်သူများကို ဘွဲ့ကြို၊ ဘွဲ့လွန် (မဟာဘွဲ့နှင့် ပါရဂူဘွဲ့)ရရှိပြီးသည်ထိ ပညာသင်စရိတ်ထောက်ပံ့ပေးမည်ဖြစ်ပြီး ပညာသင်စဉ်ကာလအတွင်း ပြည်ပပညာသင်စေလွှတ်ရန် ပေါ်ပေါက်လာသည့်အခါ ဦးစားပေးစေလွှတ်သွားမည်ဖြစ်ပါကြောင်း၊ ဘွဲ့လွန်ဘွဲ့များကိုလည်း ပြည်ပက ပညာသင်စရိတ်ထောက်ပံ့သည့်အစီအစဉ် သို့မဟုတ် နိုင်ငံတော်အစီအစဉ်ဖြင့်လည်း ဦးစားပေးစေလွှတ်သွားမည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ထူးချွန်ကျောင်းသားများနှင့် ထူးချွန်ဆုပေးအပ်သည့် အစီအစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အားသာချက်၊ အားနည်းချက်များအပေါ် သုံးသပ်ပြီး ပိုမိုထိရောက်သည့် ချီးမြှင့်မည့်အစီအစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ထိရောက်စွာအားပေးချီးမြှင့်ခြင်းအားဖြင့် ဘာသာရပ်အသီးသီးတွင် ကျောင်းသား၊ ကျောင်းသူများ၏ တက်ကြွစွာပညာသင်ယူလိုစိတ်ကို ပိုမိုအားပေးမြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်နေသည့် လူစွမ်းအားအရင်းအမြစ်များကို ပျိုးထောင်မြှင့်တင်ရေး အလေးထားဆောင်ရွက်လျက်ရှိနေသည့်အတွက် အဆိုကို မှတ်တမ်းအဖြစ်ထားရှိပေးပါရန် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင် တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အဆိုအပေါ် မှတ်တမ်းတင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

**စာမျက်နှာ ၉ မှအဆက်**

ဒေါက်တာတင်ထွန်းက ကျိုက်ထိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျူချောင်ကျေးလက်ကျန်းမာရေးဌာနသည် ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၄၆၀၄ အိမ်မှ ဒေသခံပြည်သူ ၂၄၂၁၄ ဦးတို့၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်ပေးနေသောဌာနဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊ ကျွမ်းကျင်သူနှင့် မွေးဖွားမှု၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ရာခိုင်နှုန်းကောင်းမွန်ပြီး ကျန်းမာရေးဝန်ထမ်း ၁၂ ဦးဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူဦးရေ ၂၀၀၀၀ ကျော်ကို ကျန်းမာရေးလွှမ်းခြုံမှုဆောင်ရွက်ပေးနေသော ကျူချောင်ကျေးလက်ကျန်းမာရေးဌာနသည် တရားဝင်မြေပိုင်ဆိုင်ခွင့်၊ မြေပုံစံ (၁၀၅/၁၀၆)အပါအဝင် စုစုပေါင်းမြေဧရိယာ ၁ ဒသမ ၁၀ ဧက အဆင်သင့်ရှိနေပြီး လက်ရှိစံကိုက်အဆောက်အအုံမဟုတ်ခြင်း၊ ဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ရာလိုအပ်ခြင်းတို့ကြောင့် စံကိုက်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအသစ်ရရှိရေး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် မင်းဂုတ်ကျေးရွာအုပ်စု မင်းဂုတ်-ဂျိုးတောင်ရွာလမ်းမ၏ အလယ်မှ ခမောင်းဒိုင်းကွင်းသို့ဆက်သွယ်ဖောက်လုပ်ထားသော ပေ ၂၅၀၀ ရှိ ကုန်ထုတ်လမ်းကို မြေသားလမ်းမှ ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် ၎င်းကုန်ထုတ်လမ်းအလယ်ရှိ ၁၂ ပေ x ၁၀ ပေ x ၇ ပေ ရှိ သံကူကွန်ကရစ်တံတား တစ်ခုကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကျွန်းစုမြို့နယ် မင်းဂုတ်ကျေးရွာအုပ်စု မင်းဂုတ်ကျေးရွာကုန်ထုတ်လမ်းသည် အရှည်လေးဖာလုံရှိ မြေသားလမ်းဖြစ်ပြီး လက်ရှိလမ်းအကျယ်မှာ ၁၂ ပေခန့်ရှိပါကြောင်း၊ လိုအပ်သောလမ်းအကျယ်ရရှိရန်ညှိနှိုင်းပြီး အကြိုအင်ဂျင်နီယာလုပ်ငန်းများ ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်း၊ အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

မြေပြင်စစ်ဆေးချက်အရ ကုန်ထုတ်လမ်း လေးဖာလုံနှင့် Box Culvert တစ်စင်း ဆောင်ရွက်ပေးနိုင်ရန် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ရိစာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးအောင်တင်မြင့်၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျူတန်း - ထိန်တပင်၊ ပေပင်ကုလားကွင်း ကျေးရွာချင်းဆက်လမ်း ပေ ၂၈၄၀၀ ရှိ ကျေးရွာချင်းဆက်လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ ကျူတန်း-ထိန်တပင်-ပေပင်-ကုလားကွင်း ကျေးရွာချင်းဆက်လမ်းသည် ကွန်ကရစ်လမ်း ၁ မိုင်သုည ဒသမ ၇ ဖာလုံ၊ ကွန်ကရစ်ဘီးလမ်း ၂ မိုင် ၁ ဒသမ ၈ ဖာလုံ၊ ကျောက်လမ်း တစ်မိုင်၊ မြေသားလမ်း သုံးမိုင်သုည ဒသမ ၅၉ ဖာလုံ စုစုပေါင်းလမ်းအရှည် ၇ မိုင် ၃ ဒသမ ၀၉ ဖာလုံရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုကစီမံခန့်ခွဲသော Class-B အဆင့်လမ်းဖြစ်ပါကြောင်း၊ ကျူတန်း-ထိန်တပင်ပြုပြင်ရန် လိုအပ်သောလမ်းပိုင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်ဘောင်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျောင်းသား၊ ကျောင်းသူများ စာသင်ကျောင်းသို့ သွားလာရန် ထိန်တပင်-ပေပင်ကြား မြေသားလမ်းပိုင်းကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်း လေးဖာလုံလျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နှင့် အောင်ပန်းမြို့တို့၏ မြို့ပြ၊ ကျေးလက်ဒေသများ နွေရာသီတွင်ကြုံတွေ့နေရသည့် သောက်သုံးရေပြတ်လပ်မှုပြဿနာကို ရေရှည်ဖြေရှင်းနိုင်ရန်အတွက် ကလော - အောင်ပန်း ရေပေးဝေရေးစီမံကိန်းကို ပြည်ထောင်စုအစိုးရ၏ရန်ပုံငွေဖြင့် အထူးဦးစားပေးစီမံကိန်း(Priority Project)ထည့်သွင်းလျက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ကလောမြို့သည် မြို့ပေါ်ရပ်ကွက် ၁၁ ခုရှိပြီး တစ်ရက်ရေလိုအပ်ချက်မှာ ဂါလန် ၇ ဒသမ ၅ သိန်းဖြစ်ကြောင်း၊ လက်ရှိတွင် ရေထွက်သုံးခုဖြစ်သော ရေအေးကန်ဆည်၊ အင်းပြင်ရေထွက်နှင့် ခနောက်စိမ်းရေထွက်တို့မှ စုစုပေါင်း တစ်နေ့ရေဂါလန် ၆ ဒသမ ၂ သိန်းကို အိမ်သွယ်ရေတိုင် ၁၉၄၉ တိုင်ဖြင့် ပေးဝေလျက်ရှိပြီး လွှမ်းခြုံမှုရာခိုင်နှုန်း ၈၂ ရာခိုင်နှုန်းရှိပါကြောင်း။

အောင်ပန်းမြို့သည် မြို့ပေါ်ရပ်ကွက် ၁၂ ခုရှိပြီး တစ်ရက်ရေလိုအပ်ချက်မှာ ဂါလန် ၇ ဒသမ ၇၅ သိန်းဖြစ်ကြောင်း၊ လက်ရှိတွင် ငါးကြောင်အိုင်ဆည်ရေထွက်နှင့် နန့်အွန်ရေထွက်တို့မှ ရေဖြန့်ဝေပေးခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး တစ်ရက်လျှင် ရေဂါလန် ၄ ဒသမ ၅ သိန်းကို အိမ်သွယ်ရေတိုင် ၁၉၉၂ တိုင်ဖြင့် ပေးဝေလျက်ရှိကာ လွှမ်းခြုံမှုရာခိုင်နှုန်း ၅၈ ရာခိုင်နှုန်းရှိပါကြောင်း။

ကလောမြို့နှင့် အောင်ပန်းမြို့တို့သို့ သန့်ရှင်းသောသောက်သုံးရေ ရာနှုန်းပြည့်တိုးချဲ့ပေးဝေနိုင်ရေးလုပ်ငန်းကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression Of Interest (EOI) ခေါ်ယူခဲ့ရာ ONOP AKH Coporation လီမိတက်က EOI အောင်မြင်ခဲ့သဖြင့် စာချုပ်ချုပ်ဆိုနိုင်ရေး စာချုပ်(မူကြမ်း) ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ တိုးချဲ့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကလောမြို့၏ တစ်ရက်ရေလိုအပ်မှု ဂါလန် ၁ ဒသမ ၃ သိန်းနှင့် အောင်ပန်းမြို့၏ တစ်ရက်ရေလိုအပ်မှု ဂါလန် ၃ ဒသမ ၂၅ သိန်းတို့ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ကလောမြို့နှင့် အောင်ပန်းမြို့တို့၏ နွေရာသီတွင် ကြုံတွေ့နေရသည့် သောက်သုံးရေပြတ်လပ်မှုပြဿနာကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ရပ် မြို့မ(၁)ရပ်ကွက်ရှိ ချောင်းကမ်းလမ်း၊ ဇီဇဝါလမ်း၊ သစ္စာလမ်းနှင့် မြို့မ(၂)ရပ်ကွက်ရှိ ခိုင်စံပယ်လမ်း၊ ငွေစိန်ခြယ်လမ်းတို့ကို လက်ရှိမြေသားလမ်းများမှ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်၍ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က တနင်္သာရီတိုင်းဒေသကြီး မြိတ်တောင်ရပ် မြို့မ(၁)ရပ်ကွက်ရှိ ချောင်းကမ်းလမ်းသည် အရှည် ပေ၂၀၀၀ ရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ချောင်းကမ်းလမ်း အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ဒ ခုနစ်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခန့်မှန်းကုန်ကျ ငွေကျပ် ၁၆၈ ဒသမ ၄၃ သန်းဖြင့် လျာထားခဲ့ပြီး ကျန်ရှိသောအပိုင်းကို နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့မ(၁)ရပ်ကွက် ဇီဇဝါလမ်းသည် အလျားပေ ၁၃၀၀၊ သစ္စာလမ်းသည် အလျားပေ ၄၅၀ ရှိပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားတင်ပြသွားမည်ဖြစ်ကြောင်း။

ထို့အတူ မြို့မ(၂)ရပ်ကွက် ခိုင်စံပယ်လမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ဒ ခုနစ်လက်မနှင့် ငွေစိန်ခြယ်လမ်း အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ ဒ ခုနစ်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လျာထားတင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ - ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဖွဲ့စည်းခွင့်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်ကသဘောတူသဖြင့် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ မြန်မာ - ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးမောင်မောင်မြင့်နှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဝင်းသိန်းတို့အပါအဝင် အဖွဲ့ဝင် ခုနစ်ဦး၏ အမည်စာရင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင်ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုသည်။

ဆက်လက်၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းအလိုက် အတည်ပြုဆုံးဖြတ်ခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉)မှ ဒေါ်သီဂီဝင်းရွှေက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကိုအောက်တိုဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# အာဟာရပြည့်ဝ အနာဂတ်လှဖို့ ယနေ့တီထွင်ဆန်းသစ်ကြပါစို့

ဝင်းဇင်(သုတေသန)

နှစ်စဉ်အောက်တိုဘာလ ၁၆ ရက်သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(The Food and Agriculture Organization-FAO)ကို ဂုဏ်ပြုသော အားဖြင့်နှစ်စဉ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားများကျင်းပလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မှုဒဏ်ခံရသူ လုံးဝပပျောက်ရေးအတွက် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ထိုနေ့ကိုကျင်းပခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်သည် "Innovate today. Nourish tomorrow." "ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝအနာဂတ်လှ"ဖြစ်သည်။ အနာဂတ်တွင် မျိုးဆက်သစ်များအာဟာရပြည့်ဝစေရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တီထွင်ဆန်းသစ်ထုတ်လုပ်သွားနိုင်ရန်တိုက်တွန်းထားခြင်းဖြစ်သည်။

အမှန်တော့ ဆာလောင်မှုဒဏ်ခံရနေသူများကို ကိုယ်ချင်းစာနာနိုင်ရေး၊ လူသားအားလုံးစားနပ်ရိက္ခာလုံခြုံရေးနှင့် အစာအာဟာရပြည့်ဝစွာရရှိရေးတို့အတွက်လိုအပ်ချက်များကို ကမ္ဘာတစ်ဝန်းရှိပြည်သူအားလုံး သိရှိစေရန်ဆိုသော ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပခြင်းဖြစ်သည်။ လူသားအားလုံးသည် စားနပ်ရိက္ခာဖူလုံစွာရရှိရန်အခြေခံအခွင့်အရေးရှိသည်ဆိုသော သဘောတရားကို သိရှိနိုင်စေရန်အတွက်လည်းရည်ရွယ်ကာထိုနေ့ကိုကျင်းပဖြစ်သည်။

**သက်တမ်းစေ့နေထိုင်နိုင်**

စင်စစ်အားဖြင့် စားနပ်ရိက္ခာဖူလုံစွာရရှိရေးသည် အခြေခံအကျဆုံးသော လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင်စား၊ ဝတ်၊ နေရေးသည် သက်ရှိလူသားများအတွက် အခြေခံလိုအပ်ချက်လည်းဖြစ်နေသည်။ အစာအာဟာရသည် လူတစ်ဦးကျန်းမာသန်စွမ်းစွာ ရှင်သန်နိုင်ရေးအပြင် ဦးနှောက်ဖွံ့ဖြိုးမှုအတွက်ပါ များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့်လူတစ်ဦးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရညီမျှနေမှသာလျှင် သက်ရှည်ကျန်းမာနေမည်ဖြစ်သည်။ အာဟာရပြည့်ဝစွာဖြင့် ရှင်သန်ကြီးထွားလာသော လူတစ်ဦးသည် စိတ်ဓာတ်လည်းကြံ့ခိုင်နိုင်သည်။

အာဟာရပြည့်ဝသော အစားအသောက်ရရှိရန်သည် လူသားတို့အတွက် အရေးပါလှသည်။ လူတစ်ဦးသည် ကျန်းမာစွာနေထိုင် ရှင်သန်ရပ်တည်နေနိုင်ရန်အတွက် စားနပ်ရိက္ခာဖူလုံမှု ရှိနေရန်လိုအပ်သည်။ အာဟာရပြည့်ဝစွာဖြင့်ရှင်သန်ကြီးထွားလာသောလူတစ်ဦးသည် ရုပ်ပိုင်းတွင်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်းကြံ့ခိုင်သည့်အပြင် ဦးနှောက်စွမ်းဆောင်ရည်လည်း တိုးတက်လေ့ရှိသည်။ အကျိုးဆက်အနေဖြင့် ကျန်းမာတိုးတက်သောဘဝကို ပိုင်ဆိုင်ကာ သက်တမ်းစေ့နေထိုင်နိုင်သည်။

ထို့ကြောင့် စဉ်ဆက်မပြတ်စားနပ်ရိက္ခာလုံခြုံမှုအတွက် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများလိုအပ်လျက်ရှိသည်။ အစိုးရများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၊ လူမှုအသိုက်အဝန်းများကြားပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် စိုက်ပျိုးရေးကိုအခြေခံသော စားနပ်ရိက္ခာစနစ်များကို လူတိုင်းအာဟာရပြည့်ဝသော စားနပ်ရိက္ခာရရှိရန်နှင့်အတူတကွယှဉ်တွဲနေထိုင်နိုင်ရန် ခိုင်မာသေချာစေမည်ဖြစ်သည်။

**စားနပ်ရိက္ခာလိုအပ်**

ကမ္ဘာ့လူဦးရေ၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်း (လူဦးရေ ၂ ဒသမ ၁ ဘီလီယံ) ခန့်သည် နေ့စဉ်အာဟာရပြည့်ဝရန် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုဒဏ်ကို ခံစားနေရဆဲဖြစ်သည်။ ၎င်းတို့အနက် လူဦးရေ ၇၇၈ ဒသမ ၆ သန်းသည် အစားအစာ လုံးဝပြတ်လပ်လုနီးပါးဖြစ်ရသည့် "ပြင်းထန်သော စားနပ်ရိက္ခာမဖူလုံမှု" အဆင့်သို့ ရောက်ရှိနေသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့




ကုလသမဂ္ဂ၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရအခြေအနေ ၂၀၂၆ ခုနှစ် အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ကာလရှည် ဆာလောင်မှုဒဏ်ကို ခံစားခဲ့ရသူဦးရေ စုစုပေါင်း ၆၄၅ သန်းခန့်(ကမ္ဘာ့လူဦးရေ၏ ၇ ဒသမ ၈ ရာခိုင်နှုန်း)ရှိခဲ့သည်။ အာဖရိကတိုက်၌ လူဦးရေ ၃၀၇ သန်း(အာဖရိကလူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်ဖြစ်ပြီး) အဆိုးရွားဆုံးဖြစ်သည်။ အလားတူ အာရှတိုက်၌ လူဦးရေ ၂၉၂ သန်း (အာရှလူဦးရေ၏ ၆ ရာခိုင်နှုန်း)ရှိခဲ့သည်။ လက်ရှိအခြေအနေအတိုင်းဆက်လက်ဖြစ်နေမည်ဆိုလျှင် ၂၀၃၀ ပြည့်နှစ်တွင် လူ ၅၈၂ သန်းသည် အလွန်အမင်း အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

ထို့ကြောင့် စားနပ်ရိက္ခာစနစ်များနှင့် လယ်ယာလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် အမျိုးသားအဆင့်နှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှုသည်လည်း ရေရှည်စားနပ်ရိက္ခာဖူလုံမှုအတွက် အရေးပါသောအစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည်။ သာတူညီမျှရှိပြီးထိရောက်သော စီးပွားရေးလုပ်ငန်းများသည် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုကို လျှော့ချရာ၌ များစွာ အရေးပါလျက်ရှိသည်။

**ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုကို ပံ့ပိုးပေး**

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ စားနပ်ရိက္ခာဖူလုံရေးအတွက် လိုအပ်ချက်များစွာရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်နိုင်ငံများကသာ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများအပါအဝင် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရော်ဘာ၊ ကော်ဖီ၊ ဆီအုန်း စသည့်နှစ်ရှည်ပင်စိုက်ပျိုးမှုများလည်းရှိသည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များထဲတွင် လယ်ယာထွက်ကုန်များသည် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၄၁ ဘီလီယံနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄၃ ဘီလီယံ တင်ပို့နိုင်ခဲ့သည်။ စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သီးထပ်စွမ်းအား မြှင့်တင်နိုင်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့်ထိ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ဆိုရလျှင် ဆာလောင်မှုဒဏ်ခံစားနေရသူအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြသည်။ အထူးသဖြင့် အနောက်အာရှနှင့် အာဖရိကဒေသမှ ပြည်သူများဖြစ်ပြီး အများစုသည် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။ ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ နည်းစနစ်လွဲမှားသော စိုက်ပျိုးရေးအလေ့အထများ၊ လူဦးရေအဆမတန်တိုးပွားလာမှုနှင့် ဆင်းရဲမှုများသည် စားနပ်ရိက္ခာဖူလုံစွာမရရှိရသောအကြောင်းတရားများဖြစ်သည်။

ကမ္ဘာပေါ်ရှိလူသားအားလုံး စားနပ်ရိက္ခာဖူလုံမှုရှိသင့်သည်။ အစာအာဟာရချို့တဲ့သူများသည် လေ့လာသင်ယူနိုင်စွမ်းခက်ခဲခြင်း၊ ကုန်ထုတ်လုပ်နိုင်စွမ်းကျဆင်းခြင်း၊ မကြာခဏဖျားနာခြင်းများအပြင် သက်တမ်းလည်းတိုနိုင်သည်။ အာဟာရချို့တဲ့မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုံးရှုံးမှု ကုန်ကျစရိတ်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံထိရှိသည်။ ထို့ပြင် ဆာလောင်မှုသည် ကမ္ဘာလုံးဆိုင်ရာမလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

**စားနပ်ရိက္ခာဖူလုံလျှင်**

လူသားအားလုံး အစာအာဟာရပြည့်စုံဖူလုံနေမည်ဆိုလျှင် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်များ၏ အသက်ကိုကယ်တင်နိုင်ခြင်း၊ အာဟာရပြည့်ဝသော မိခင်များသည် ရောဂါဒဏ်ကာကွယ်နိုင်သည့် ကိုယ်ခံအားစနစ်များပါရှိသော ကျန်းမာရေးကောင်းမွန်သည့် ကလေးငယ်များကို မွေးဖွားပေးနိုင်ခြင်း၊ အာဟာရချို့တဲ့သူကလေးသူငယ်များ ပပျောက်အောင်ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ GDP ကိုတိုးတက်လာစေနိုင်ခြင်း၊ ဆာလောင်မှု ကာကွယ်တားဆီးနိုင်ရေးတွင် အမေရိကန် ၁ ဒေါ်လာရင်းနှီးမြှုပ်နှံခြင်းသည် အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာမှ ၁၃၈ ဒေါ်လာထိ အကျိုးအမြတ် ပြန်လည်ရရှိစေနိုင်ခြင်း၊ ငယ်စဉ်ဘဝတွင် သင့်တင့်လျောက်ပတ်သော အာဟာရကျွေးမွေးထားခြင်းသည် ဘဝတစ်လျှောက်လုံးတွင် ဝင်ငွေ ၄၆ ရာခိုင်နှုန်း ပိုမိုရှာဖွေနိုင်ခြင်း၊ သံဓာတ်ချို့ယွင်းခြင်းသည် လုပ်ငန်းခွင် ကုန်ထုတ်စွမ်းအားကို ကျနိုင်ခြင်း၊ အာဟာရချို့တဲ့မှုနှင့် ဆက်စပ်သော ကလေးသူငယ်သေဆုံးမှုနှုန်း လျှော့နည်းပပျောက်အောင်ဆောင်ရွက်ခြင်းသည် လုပ်သားအင်အား ၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာစေနိုင်ခြင်း၊ အာဟာရချို့တဲ့သူမရှိခြင်းသည် လူသားတိုင်းအတွက် ပိုမိုဘေးကင်းလုံခြုံသာယာဝပြောသော ကမ္ဘာကြီးကိုတည်ဆောက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာကိုရရှိစေနိုင်မည်ဖြစ်သည်။

**ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ**

လူသားတိုင်း ကျန်းမာသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် "အာဟာရ" သည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးသော လိုအပ်ချက်တစ်ခုဖြစ်သည်။ လက်ရှိအချိန်တွင် တိုးပွားလာသော ကမ္ဘာ့လူဦးရေ အာဟာရပြည့်ဝစေရေး စားနပ်ရိက္ခာထုတ်လုပ်ရာ၌ စိန်ခေါ်မှုများစွာရှိလာသည်။ အနာဂတ်မျိုးဆက်များ အာဟာရပြည့်ဝစေရန် သမားရိုးကျစိုက်ပျိုးမွေးမြူရေးမှသည် တီထွင်ဆန်းသစ်ပြီး ခေတ်မီနည်းပညာများဖြင့်ပေါင်းစပ်ကာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်သွားရန်လိုအပ်သည်။ ထို့ပြင် ခေတ်မီအိမ်တွင်း စိုက်ပျိုးရေးဖြင့် လတ်ဆတ်သောအသီးအနှံများကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အစားအစာများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် စနစ်တကျစီမံခန့်ခွဲရန်လည်း လိုအပ်သည်။ ထို့ကြောင့် လူတိုင်းအာဟာရပြည့်ဝပြီး ကျန်းမာသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုများနှင့် စားသောက်မှုပုံစံများကို ပြောင်းလဲသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**


(၁) ၂၂-၉-၂၀၂၆ ထုတ် သတင်းစာများ။

(၂) https://www.fao.org/newsroom/detail/un-report--global-hunger-levels-ease-for-third-consecutive-year-as-regional-disparities-persist/en

(၃) https://www.fao.org/hunger/en

(၄) https://www.ifad.org/en/w/publications/the-state-of-food-security-and-nutrition-in-the-world-2026

# An opening address delivered sent through the video message by President of the Republic of the Union of Myanmar U Min Aung Hlaing who chairs the National Solidarity and Peacemaking Central Committee at the 11th Anniversary of Nationwide Ceasefire Agreement (NCA) (15 October 2026)

**Esteemed national brethren of the Union,**

Today is an auspicious day marking the 11th anniversary of the signing of the Nationwide Ceasefire Agreement (NCA) between the Government and ethnic armed organizations. On this auspicious occasion, I would like to extend my greetings and heartfelt wishes for good health, happiness and the fulfilment of all good aspirations to the ethnic leaders from the various ethnic armed organizations who participated in the initial signing of the agreement, international witnesses, domestic witnesses, and all our national brethren across the Union.

Today's NCA 11th anniversary is an important historical milestone for the future path towards peace for the State and the entire people. On 15 October 2015, the Government, the Tatmadaw and ethnic armed organizations overcame numerous difficulties and challenges to begin signing the Nationwide Ceasefire Agreement (NCA). **The NCA is not merely a ceasefire agreement; it is also a historic political commitment to seek political solutions through political means to the internal armed conflicts that have persisted for more than 70 years.**

Past experiences have shown that internal armed conflicts have brought nothing but losses and suffering to the State and ethnic communities, while also undermining regional development, education, healthcare and socioeconomic livelihoods. Therefore, peace is an essential foundation for the development of the nation. A review of the country's history also reveals that the lack of national unity has been a major challenge to the stability and peace of the nation.

At present, despite difficulties and challenges, the State has made efforts to hold elections in accordance with the people's wishes and to return to the path of democracy. Going forward, all stakeholders need to work together to achieve ethnic unity and lasting, sustainable peace.

**Esteemed national brethren,**

The Nationwide Ceasefire Agreement (NCA) is a historic agreement that reflects compromise, magnanimity, patience, tolerance and a shared desire for peace between the State and ethnic armed organizations. The agreement serves as a foundation for the peace process and also provides an important political framework for building a Union based on democracy and a federal system.

The Nationwide Ceasefire Agreement (NCA) was not drafted by any single individual or group. Rather, it was jointly negotiated and agreed upon through repeated discussions among the Government, the Tatmadaw and ethnic armed organizations, based on the initial proposals put forward by the ethnic armed organizations. **It was also the outcome of more than 5,000 meetings and negotiation sessions held over a period of 1,450 days, from the day peace talks were first initiated until the NCA was achieved.**



**President U Min Aung Hlaing delivers a video message at the 11th Anniversary of Nationwide Ceasefire Agreement (NCA).**

On 15 October 2015, eight ethnic armed organizations, namely the KNU, DKBA, KNU/KNLA-PC, CNF, PNLO, ABSDF, ALP and RCSS, initially signed the Nationwide Ceasefire Agreement (NCA). **The signing ceremony was held in the presence of diplomats from the United Nations, the European Union, China, India, Japan and Thailand, as well as domestic witnesses. The agreement was also approved by the Pyidaungsu Hluttaw.** On 13 February 2018, the LDU and NMSP subsequently signed the agreement, bringing the total number of signatories to the NCA to 10 ethnic armed organizations.

The essence of the NCA is to build a Union based on democracy and a federal system, upholding the Our Three Main National Causes and founded on freedom, equality and justice, while guaranteeing democracy, national equality and the right to self-determination, in accordance with the outcomes of political dialogue. Therefore, all relevant stakeholders need to respect and honour their existing commitments and work together cooperatively.

**The Nationwide Ceasefire Agreement (NCA) is not merely a ceasefire agreement; it also provides a framework for seeking political solutions to end armed conflicts, hold political dialogues and build a federal Union.** Therefore, it is necessary to continue implementing the NCA process without deviating from the existing agreements under the NCA. No matter how serious the problems may be, conflicts can be reduced if solutions are sought through meetings, dialogue and negotiations. Even when differences of opinion, doubts and mistrust exist, I believe that national unity and peace can be achieved if all parties accept and practise dialogue and negotiation as democratic approaches to resolving differences.

**Esteemed national brethren,**

To implement the peace process comprehensively, we have reorganized the National Soliadrity and Peace-making Central Committee, the Working Committee and the Negotiation Committee, and are also implementing six peace principles.

In addition, **Announcement No 1/2026 of the Central Committee was issued on 21 April 2026, inviting all parties to participate in dialogue without preconditions in the interests of national development, stability and peace.** Both NCA signatories and non-signatories have been invited to engage in dialogue. In particular, I would like to **reiterate the invitation to the KNU, CNF and ABSDF, which have not held dialogue over the past five years, to participate in peace talks.**

Similarly, I would like to **urge groups identifying themselves as People's Defence Force (PDF) groups to act in the interests of the country and its people and return to the legal fold.** If democracy is what they seek, it must be pursued through disciplined democratic practices and non-violent means. I urge them to think carefully before taking action. Development activities cannot be carried out effectively without stability and peace in the country. If destructive activities continue while development projects are being implemented, our goals will not be achieved, much like the saying, **"While one is raising deer, tigers are feeding on them."** Therefore, **rather than insisting solely on what they want in relation to peace, I urge all parties to work together by meeting, engaging in dialogue and seeking solutions based on what is appropriate and feasible.**

In the past, NCA anniversary ceremonies, peace dialogues, peace forums, and youth peace forums were held, leading to meetings, negotiations, and agreements with some ethnic armed organizations and political parties. In addition to the 43 points proposed for constitutional amendment, there are also Parts 1, 2, and 3 of the Union Accord, which were negotiated and agreed upon at the Union Peace Conference under the previous two administrations. These agreements will be discussed and approved in the Pyidaungsu Hluttaw and implemented in phases.

Invitations and negotiations will also continue to encourage ethnic armed organizations that have not yet signed the NCA to join and sign the agreement. It is essential for all ethnic nationalities to fully enjoy democratic rights and to walk the path of peace together.

**Esteemed national brethren,**

Our government will continue working towards strengthening a genuine, disciplined multiparty democratic system and building a Union based on democracy and a federal system. **In a democracy, while the will of the majority must be respected, it is also essential to give due regard to the desires and rights of minorities.** Treating those with differing views as enemies, discriminating against them, or ostracizing them from society is incompatible with democratic principles. We must avoid personality cults and discrimination, and safeguard our national unity.

**Federalism is the division and exercise of executive, legislative, and judicial powers in accordance with the constitution within a union composed of diverse regions, states, and ethnic groups.** Through such division of power,

*See Page 15*

# President of the Republic of the Union of Myanmar U Min Aung Hlaing receives leaders and representatives of EAOs, who attended the 11th Anniversary of the NCA



President U Min Aung Hlaing receives leaders and representatives of EAOs.

**Nay Pyi Taw October 15**

President of the Republic of the Union of Myanmar U Min Aung Hlaing received Kayin leader Saw Mutu Sae Poe, who is a signatory to the NCA, and leaders and representatives of EAOs at a courtesy call paid by them at Presidential Palace Reception Hall in Nay Pyi Taw this afternoon. The ethnic leaders attended the 11th Anniversary of the NCA.

Present at the call were Union Minister for Defence Vice Chairman of the National Solidarity and Peacemaking Negotiation Committee (NSPNC) Lt-Gen Yar Pyae, Secretary Lt-Gen Min Naing, and Lt-Gen Kyaw Ko Htaik of the Office of the Commander-in-Chief. Participants to the 11th Anniversary NCA were Kayin leader Saw Mutu Sae Pho, Chairperson of ALP Saw Mra Raza Lin, Chief of Staff of DKBA Saw Shwe Wa, Chairman of LDU Kyar Solomon, NMSP Central Committee member Naing Mangay, RCSS Secretary Sao Sai Ngin, KNU/KNLA/-PC Secretary 1 Saw Kyaw Nyunt, SSPP Central Committee member Sao Naw Leik, Shan Ni National Unity Council Chairman Sao Hsae Khun Aung.

First, the President cordially greeted Kayin Leader Saw Mutu Sae Poe and EAO leaders and representatives, who attended the meeting, individually.

In his discussions, the President expressed his pleasure at meeting and welcoming the EAO leaders and representatives, who had attended the 11th Anniversary NCA. The President said he has close relations and has been holding meetings with them since he was serving the duties of the Commander-in-Chief of Defence Services.

Currently, the hluttaws and the government emerged through the multiparty democracy general election are serving the State's duties. The government is in favour of national peace and stability. The Hluttaw will continue to discuss the 43-point agreement, EAOs that are signatories to the NCA, the Tatmadaw and political groups have agreed.

Part 1, part 2 and part 3 of the Union Accord, agreed during the term of the second democratic government at the Union Conference will be discussed at the Hluttaw. A meeting was held today in commemoration of the NCA 11th Anniversary. I would like to express my heartfelt congratulations on being able to hold this event. Genuine peace is vital for our country, as it is the only way the nation can achieve development.

He stated that since assuming the responsibilities of the President, he had paid state-level visits to nine countries, including India, China, Russia and Belarus, at the invitations of their respective leaders. During these visits, he had observed the peace, stability and development of those countries. He noted that Vietnam and Cambodia had previously experienced internal armed conflicts but had managed to bring those conflicts to an end and, despite facing difficulties, had worked hard to achieve national development. As a result, both countries had now become peaceful, stable and developing nations, offering valuable lessons for Myanmar. He expressed his desire to see Myanmar achieve peace, stability and development as well. He added that by learning from and emulating the efforts made by these countries to achieve peace, stability and development, Myanmar could undoubtedly attain similar progress.

He stated that peace talks had been held during the term of the first democratic government in Myanmar and that, from the day invitations were first extended to initiate peace negotiations until the signing of the Nationwide Ceasefire Agreement (NCA), more than 5,000 meetings and consultations had taken place over a period of more than four years. He said that he had already told the Hluttaw that efforts would be made to achieve internal peace during the five-year term of his government. Regarding the peace process, he explained that cooperation would be pursued with those willing to work together, while ways and means would also be sought to engage with those with whom cooperation was difficult. He added that he had previously emphasized the need to discuss what was possible and what should be done, rather than merely expressing what one wished to happen. He acknowledged and respected the ethnic armed organization leaders attending the meeting for their role in the peace process. He urged them to join hands in bringing the peace process to a successful conclusion and achieving the internal peace essential for the country's stability and development. He further noted that achieving peace would enable national reconstruction efforts to proceed as soon as possible and contribute to the country's development and progress. Finally, he expressed his pleasure at attending the ceremony marking the 11th anniversary of the signing of the NCA, with a view to promoting internal peace, and extended his gratitude to each individual and organization present.

Following this, the leaders of the delegations of ethnic armed organizations who attended the meeting expressed their gratitude and pleasure at meeting the President on the occasion of the 11th anniversary of the Nationwide Ceasefire Agreement (NCA). They discussed their continued cooperation in achieving internal peace along the path initiated by the signing of the NCA, emphasizing that peace was an essential requirement for the country and that development could only be achieved through peace. They also noted that the public was gradually becoming more aware of and recognizing that some groups were using peace as a pretext to take up arms and engage in acts of violence, and that ethnic communities no longer supported the armed struggle. They further discussed the current government's efforts to achieve internal peace by taking the lead in seeking solutions through meetings and dialogue. They emphasized that armed groups genuinely wishing for peace should come forward to engage in dialogue and negotiations. They also pointed out that communities in ethnic areas were divided between those who wanted peace and those who sought to instigate armed conflict. They stressed the need to continue working together with the people who genuinely desired peace and wished to live and earn their livelihoods in a peaceful environment in order to achieve internal peace.

In his response, the President stated that the government has been implementing two political goals: strengthening the multiparty democratic system and building a Union based on democracy and federalism. In doing so, all national brethren of the Union must participate, demanding what is fair and appropriate rather than merely pursuing self-interest. Stability, peace, and an abundance of educated people are vital to undertaking regional development tasks. Developing regions requires many experts skilled in higher education and vocational trades. Higher academic standards encourage wide reading; only through reading can knowledge, critical thinking, and discernment improve. Discerning individuals desire peace to develop their areas, whereas irrational individuals pursue armed violence, destroying regional progress and ethnic communities. They also destroyed educational infrastructure essential for the nation's future, forcing schools in certain areas to close. Because a region's socio-economic development can only flourish with well-educated individuals, concerted efforts must be made to produce more local scholars.

He noted that the government is striving to build a Union founded firmly on democratic and federal principles. In his message delivered this morning on the 11th anniversary of the Nationwide Ceasefire Agreement (NCA), he pointed out that diverse ethnic groups live intermingled across the country's regions and states—citing examples that ethnic Shan make up only over 35 per cent of Shan State, while ethnic Kachin account for just 39 per cent of Kachin State. He stressed that a state does not belong exclusively to a single ethnic group but is the shared home of all inhabitants residing there, calling on all to embrace this perspective and foster Union spirit. He reiterated his genuine desire to achieve nationwide peace, expressing that he wishes the Tatmadaw to remain a military that defends the state and its citizens, rather than one forced to battle fellow Union brethren.

He added that with the government, the Hluttaw, and the Tatmadaw currently working in close unity to build a developed nation,

*See Page 14*

# Vice President U Nyo Saw receives Ambassador of Vietnam to Myanmar H.E. Mr. Nguyen Anh Duc



Vice President U Nyo Saw receives Ambassador of Vietnam to Myanmar H.E. Mr. Nguyen Anh Duc at the Presidential Palace Diplomatic Reception Hall in Nay Pyi Taw.

**Nay Pyi Taw October 15**

Vice President U Nyo Saw received Ambassador of Vietnam to Myanmar H.E. Mr. Nguyen Anh Duc at the Presidential Palace Diplomatic Reception Hall in Nay Pyi Taw at 11:00 a.m. today.

During the meeting, they cordially and openly exchanged views on the official visit of President U Min Aung Hlaing to Vietnam at the invitation of the President of Vietnam, which opened a new chapter in bilateral relations. They also discussed the establishment of the Myanmar-Vietnam Comprehensive Cooperative Partnership, Myanmar's political developments, ongoing efforts to achieve national stability, development, and peace, and plans to continue cooperation with neighboring and regional friendly nations across political, economic, and social sectors. Furthermore, discussions touched upon potential areas for bilateral economic, trade, and investment cooperation, as well as the signing of a Memorandum of Understanding on investment promotion between the two countries.

The meeting was attended alongside the Vice President by Deputy Minister for the President's Office U Khin Latt, Deputy Minister for Foreign Affairs U Ko Ko Kyaw, and other officials. MNA

# Systematic demolition of illegal buildings used in online scams/gambling in Shwe Kokko (Part-II) goes on

Demolition charges being prepared and affixed to an illegal 13-storey building used for online gambling operations in Shwe Kokko (Part-II).



The 13-story building being rigged with explosives.



The process of preparing and rigging explosives.

**Nay Pyi Taw October 15**

Placing emphasis on combat against online scams and gambling as a national responsibility, the government has systematically carried out total demolition of illegal buildings in Shwe Kokko area, where most online scams and gambling were committed, to prevent them from being used in such crime again.

In doing so, a 5-storey building, one of the online scam/gambling buildings to be demolished in Shwe Kokko (Part-II), was being knocked down with the use of machinery and 96 percent of the demolition works completed so far. Another 5-storey building was also levelled down and 50 percent of demolition works completed so far. Preparations of explosives for a 13-storey building were also being carried out.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 buildings were classified to be demolished with the use of machinery, four to be detonated and 34 to be destroyed manually floor by floor due to their proximity to residential buildings and systematic demolition works were being carried out. Demolition of three out of four buildings to be detonated completed and systematic demolition of remaining 60 buildings would be carried out.

In cooperation with neighboring and regional countries, the government would place a special emphasis on eradication of online scams and gambling, which have posed a threat to the global socioeconomic arena and national security.

100

*From Page 13*

now presents the finest opportunity to carry out the peace process. Therefore, in negotiating internal peace, he urged all parties to look beyond individual desires and join hands in the wider interest of the Union.

He reaffirmed his previous statements that once ethnic armed groups conclude peace, they can establish political parties under the law to engage in politics, run lawful enterprises to pursue business, or serve as border guard forces in cooperation with the Tatmadaw to shoulder defence duties. Those wishing to live as ordinary civilians may do so safely under the protection of the law.

He further emphasized that armed organizations must remain entirely free of online scams, gambling, and illicit drugs. The State will not tolerate any involvement in online fraud, gambling, or narcotics within its borders and will clamp down on them strictly under the law. Stressing that the present provides the best conditions to achieve peace, he called upon all stakeholders to collaborate.

Following the meeting, the President presented commemorative gifts to Kayin national leader Saw Mutu Sae Poe, along with attending leaders and representatives of ethnic armed organizations, and greeted them warmly. MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice-President Daw Nan Ni Ni Aye delivers address at the Myanmar National Youth Affairs Central Committee meeting



Vice-President Daw Nan Ni Ni Aye delivers an address at the Myanmar National Youth Affairs Central Committee meeting.

**Nay Pyi Taw October 15**

The Myanmar National Youth Affairs Central Committee Meeting was held this afternoon at the combined meeting hall of the Ministry of Sports in Nay Pyi Taw, with Vice-President of the Republic of the Union of Myanmar Daw Nan Ni Ni Aye, Chairperson of the Central Committee for Youth Affairs, attending and delivering an address.

Also present at the meeting were the Vice-Chairperson and members of the Central Committee, including Union ministers, the Chairman of the Nay Pyi Taw Council, deputy ministers, chairpersons and representatives of relevant associations, and heads of departments. Chief ministers, who serve as chairpersons of the youth affairs committees in their respective regions and states, attended the meeting virtually.

First, in her address, Vice-President Daw Nan Ni Ni Aye said that, in today's rapidly changing world driven by innovative technologies, it is necessary to provide the younger generation with comprehensive education and training in all aspects to help them keep pace with global developments. She stressed that responsible officials must work together to foster young people's spirit of inquiry, creativity and ability to think critically and make rational judgments, while nurturing their patriotism and love for their country. She also emphasized the need to guide young people to understand, respect and abide by the laws promulgated by the State, maintain good moral character and discipline, uphold ethical standards, balance personal interests with those of others, and fulfil their social responsibilities.

She noted that youth development should extend beyond youth-related affairs, including arts and sports activities, as youth centres also play a fundamental role in providing opportunities for young people to interact with, learn from and engage with one another. Therefore, she urged the relevant authorities to make concerted efforts to establish and operate youth centres in their respective regions and states. She also called for existing youth centres in some regions and states to move beyond routine activities and systematically provide training courses and practical vocational skills that directly benefit young people and can be effectively applied in the workplace.

She emphasized that today's young people would be responsible for continuing to preserve, protect and safeguard the nation in the future in accordance with the Three Main National Causes. Therefore, youth development must be promoted and strengthened, and young people, as the future of the nation, must be continuously nurtured and trained to become highly capable, valuable human resources with well-rounded skills and maturity. She urged the participants at the meeting to review, recommend and discuss practical approaches for effectively implementing youth development initiatives in their respective sectors to systematically nurture the country's younger generation.

Next, Union Minister for Youth Affairs Dr. Maung Thin, Vice-Chairman of the Central Committee, gave a briefing on the reconstitution of the Central Committee and its working committees; the ministry's organization of youth awareness-raising talks and discussion forums; the provision of vocational, sports and youth development training courses; financial assistance for vocational education; youth-related activities conducted internationally; and the ongoing process of redrafting a new national strategic plan on youth policy.

Subsequently, Deputy Minister for Youth Affairs U Sit Naing, Secretary of the Central Committee, reported on the implementation of decisions made at the previous Central Committee coordination meeting and the progress in carrying out the committee's assigned duties.

Those attending the meeting then presented explanations, recommendations and discussions on the effective implementation of the 16 key areas outlined in the youth policy to nurture young people equipped with the five strengths—physical, intellectual, moral, social and economic—as contributors to the nation's development process, as well as on plans for further promoting comprehensive youth development.

Vice-President Daw Nan Ni Ni Aye then made additional remarks, coordinated the necessary matters, delivered the concluding address and brought the meeting to a close.

MNA

---

*From Page 12*

regions and states will be able to exercise self-administration, self-legislation, and self-adjudication.

Diverse ethnicities and nationalities live intermingled across the regions and states of our country. For instance, it is stated that in Shan State—named as such—the Shan ethnic group makes up only just over 35 per cent of the population, and in Kachin State, the Kachin people account for only 39 per cent. Therefore, **it is important to emphasize the principle that a state does not belong to a single ethnic group alone, but is the shared possession of all ethnic peoples residing in that area. Regarding the designation of state names that can represent all local inhabitants, I would also like to urge everyone to consider and seek solutions collectively, with national unity in mind.**

Our government will **effectively implement the federal provisions contained in the 2008 Constitution.** To build a Union based on democracy and a federal system, it is necessary for political parties, ethnic nationalities, and all organizations to participate and collaborate for mutual benefit.

**Esteemed national brethren,**

In the current peace process, dialogues have been divided into four parts and negotiations are continuing accordingly. Both informal and formal talks will be held as necessary, and **bilateral talks will continue to be conducted to consolidate the ceasefire.** Furthermore, negotiations aim to convene official meetings under the NCA and ultimately hold the Peace Conference.

The essential processes required for national unity and peace are: building a Union based on democracy and a federal system; **practicing a democratic culture of dialogue and negotiation to find solutions; laying down national unity strategies; carrying out rehabilitation and development alongside peace;** and researching as well as preventing factors that cause division within society.

In implementing these processes, the Working Committee will lay down the necessary timelines and strategies, while the Negotiation Committee will carry out the practical implementation. Because peace and development are directly linked, it is also essential to carry them out in a balanced manner.

**Esteemed national brethren,**

During the first 100-day process of our new government, we prioritized peace processes. We extended invitations for talks to NCA-signatory groups, signatory groups with whom dialogues have not yet taken place, and non-signatory groups alike. The relevant committees also met with ethnic armed organizations and negotiated based on peace, regional development, and on-the-ground needs.

Our peace efforts are not merely for the short term. We are carrying them out as a national duty to pass down an enduring legacy to future generations of youth to ensure a stable future, a thriving society, and a world-class nation.

**Esteemed national brethren,**

In conclusion, I would like to say that the future of our nation is the future of all ethnic peoples. Taking lessons from past events, **everyone bears the responsibility to pass down a legacy of stability, peace, development, and a firmly rooted multiparty democratic system for future generations.**

I would like to urge ethnic armed organizations, political parties, civil society organizations, and all citizens **to resolve differences through dialogue and negotiation in the interest of the nation and its people, rather than resorting to armed conflict.** Only by distinguishing between what we desire and what ought to be, and by working together on what is achievable, will we be able to move forward.

If all work together in unity and solidarity, we will be able to build a peaceful, stable, and developed nation. Therefore, I warmly invite peace-desiring ethnic armed organizations, political parties, civil society organizations, and the entire public to participate and join in the government's peace efforts.

Starting from this 11th Anniversary of the NCA, I conclude my video message with best wishes that enduring peace may prevail across the nation and that we may firmly build a Union founded on democracy and a federal system.

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်တို့တက်ရောက်ကြပြီး NCA ၁၀ နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် NCA လက်မှတ် ရေးထိုးရာတွင်ပါဝင်ခဲ့သော ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)စစ်ဦးစီးချုပ် စောရွှေဝ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်း၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဗဟိုကော်မတီဝင်စဝ်နော်လိတ်၊ ရှမ်းနီအမျိုးသားများ ညီညွတ်ရေးကောင်စီဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်တို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေဖိုးနှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များကို တစ်ဦးချင်းရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတကပြောကြားရာတွင် ယခုကဲ့သို့တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၁၀ နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားသို့တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကိုတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့်ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်စဉ်မှစ၍ ရင်းရင်းနှီးနှီးရှိခဲ့ကြသူများဖြစ်ပြီး ထိုအချိန်မှစတင်၍ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ထွက်ပေါ်လာသည့် လွှတ်တော်နှင့် ရွေးကောက်ခံအစိုးရတို့က နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို လိုလားကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် သဘောတူလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တပ်မတော်နှင့် နိုင်ငံရေးအစုအဖွဲ့များ ဆွေးနွေးထားသည့်သဘောတူညီချက် ၄၃ ချက်ကိုလည်း လွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်ဆွေးနွေးသဘောတူခဲ့သည့်ပြည်ထောင်စုသဘောတူညီချက်(Union Accord)အပိုင်း ၁၊ ၂ နှင့် ၃ တို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့်လွှတ်တော်တွင်ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် NCA လက်မှတ်ရေးထိုးခြင်း ၁၀ နှစ်မြောက်နှစ်ပတ်လည်နေ့အစည်းအဝေးကို ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့မှုအပေါ်လည်း မိမိအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ပါကြောင်း၊ မိမိတို့နိုင်ငံ အမှန်တကယ်ငြိမ်းချမ်းရေးရရှိရန်လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ်စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ အိန္ဒိယ၊ တရုတ်၊ ရုရှား၊ ဘယ်လာရုစ်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံသို့ ယင်းနိုင်ငံများမှ အကြီးအကဲများ၏ ဖိတ်ကြားချက်များအရ နိုင်ငံတော်အဆင့်ခရီးစဉ်များ သွားရောက်ခဲ့ကြောင်း၊ ထိုသို့သွားရောက်ချိန်တွင် အဆိုပါနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်ခဲ့ရကြောင်း၊ ၎င်းတို့အနက် ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခင်ကပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများရှိခဲ့သော်လည်း ယင်းပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ခဲ့ကြပြီးနောက် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အခက်အခဲများအကြားက ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများဖြစ်လာနေသည်ကို မိမိတို့အနေဖြင့် သင်ခန်းစာယူဖွယ်တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံကိုလည်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာမှုများကိုအတုယူ၍ ဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံအနေဖြင့်လည်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲမသွေဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင်ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုကျင်းပခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးရန် စတင်ဖိတ်ခေါ်ခဲ့သည့်နေ့မှစ၍ လက်မှတ်ရေးထိုးသည်ထိ လေးနှစ်ကျော်ကာလအတွင်း တွေ့ဆုံညှိနှိုင်းမှုအကြိမ် ၅၀၀၀ ကျော်ထိရှိခဲ့ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူချိန် ငါးနှစ်အတွင်း ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားမည်ဟု မိမိအနေဖြင့် လွှတ်တော်၌ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လက်တွဲဆောင်ရွက်၍ရသည့်သူများဖြင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး လက်တွဲဆောင်ရွက်၍ မရသူများကိုလည်း မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ကို နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖြစ်ချင်သည်များကို ပြောကြားနေမည့်အစားဖြစ်နိုင်သည်နှင့် ဖြစ်သင့်သည်များကိုပြောကြားရန် မိမိအနေဖြင့် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုတက်ရောက်လာကြသူများသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များဖြစ်ကြပြီး မိမိအနေဖြင့် အသိအမှတ်ပြုလေးစားကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မဖြစ်မနေလိုအပ်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်အောင်ဆောင်ရွက်နိုင်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာနိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ပြီး မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ပြည်တွင်းငြိမ်းချမ်းရေးကိုရှေးရှု၍ ယနေ့တွင်ကျရောက်သည့် NCA ၁၀ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည့်အတွက် ဝမ်းမြောက်ကြောင်းနှင့်တစ်ဦးတစ်ဖွဲ့ချင်းစီကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးH.E.Mr.Nguyen Anh Duc ကို လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၅

ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဗီယက်နမ်နိုင်ငံသမ္မတ၏ ဖိတ်ကြားချက်ဖြင့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ကာ နှစ်နိုင်ငံဆက်ဆံရေးစာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့မှု၊ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး(Comprehensive Cooperative Partnership)ကို ထူထောင်ထားရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အိမ်နီးချင်းဒေသတွင်း မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ နှစ်နိုင်ငံကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များ၊ နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Nguyen Anh Duc ကို လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လက်တွဲဆောင်ရွက်၍ရသည့်သူများဖြင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး လက်တွဲဆောင်ရွက်၍ မရသူများကိုလည်း မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ကို နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်ဖြစ်၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မဖြစ်မနေလိုအပ်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်အောင်ဆောင်ရွက်နိုင်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလို . . .**

**ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဆွေးနွေးဆောင်ရွက်ကြရာတွင် မိမိတို့ဖြစ်လိုသည့် စိတ်ဆန္ဒတစ်ခုတည်းကိုသာကြည့်၍ဆောင်ရွက်နေမည့်အစား ပြည်ထောင်စုအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးထားတိုက်တွန်းလို . . .**

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင်များက ယခုကဲ့သို့ NCA ၁၁ နှစ်မြောက်အခါသမယတွင် နိုင်ငံတော်သမ္မတကြီးနှင့်တွေ့ဆုံရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်သည့် အခြေအနေများနှင့် NCA လက်မှတ်ရေးထိုးမှုမှ စတင်ခဲ့သည့် လမ်းကြောင်းအတိုင်း ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ငြိမ်းချမ်းမှုရရှိရေးသည် နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်နေသည့်ကိစ္စရပ်ဖြစ်ပြီး ငြိမ်းချမ်းမှုရရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ဖြစ်ပေါ်လာမည်ဖြစ်သည့် အခြေအနေများ၊ ပြည်သူလူထုများအနေဖြင့်လည်း ငြိမ်းချမ်းရေးကိုဗန်းပြ၍ လက်နက်ကိုင်ကာ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေကြသည်ကို တစ်စတစ်စမျက်ဝါးထင်ထင် တွေ့မြင်သိရှိနားလည်သဘောပေါက်လာကြပြီး လက်နက်ကိုင်လမ်းစဉ်ကို တိုင်းရင်းသားပြည်သူလူထုက ထောက်ခံမှုမရှိကြတော့သည့်အခြေအနေများ၊ လက်ရှိ နိုင်ငံတော်အစိုးရကရှေ့ဆောင်၍ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အမှန်တကယ်ငြိမ်းချမ်းမှုကို လိုလားကြသည်ဆိုပါက တွေ့ဆုံဆွေးနွေးမှုများကို လာရောက်ဆောင်ရွက်ကြရန် လိုအပ်သည့်အခြေအနေများ၊ တိုင်းရင်းသားဒေသများ၌ ငြိမ်းချမ်းရေးရရှိလိုသူများနှင့် တိုက်ပွဲဖော်ဆောင်လိုကြသူများဟူ၍ နှစ်ပိုင်းကွဲနေမှုများလည်းရှိနေကြပြီး မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားပြီး အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုသည့်ပြည်သူများနှင့်အတူတကွ ပူးပေါင်းပြီး ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင်ဆောင်ရွက်ရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်သွားရန်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးသည်လည်း ပါဝင်လာရမည်ဖြစ်ပြီး ဖြစ်လိုသည်များထက် ဖြစ်သင့်ဖြစ်ထိုက်သည်များကို တောင်းဆိုသွားကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာတတ်များပေါ်ထွက်ဝရန် အဓိကလိုအပ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် အဆင့်မြင့်ပညာအရည်အချင်းနှင့် အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်သည့်ပညာရှင်များစွာကိုလိုအပ်ကြောင်း၊ အတန်းပညာမြင့်မားလာသည်နှင့်အမျှ စာပေများဖတ်ရှုလာနိုင်ပြီး စာဖတ်မှုသာလျှင် အသိပညာဗဟုသုတနှင့် စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းတို့ တိုးတက်လာမည်ဖြစ်ကြောင်း၊ စဉ်းစားဆင်ခြင်ဉာဏ်ရှိသူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးကိုလိုလားကြပြီး စဉ်းစားဆင်ခြင်ဉာဏ် မရှိသူများအနေဖြင့် လက်နက်ကိုင် အကြမ်းဖက်သည့်လမ်းစဉ်ဖြင့်အကြမ်းဖက်မှုများကိုလုပ်ဆောင်ကာ မိမိတို့ဒေသ၊ လူမျိုးဖွံ့ဖြိုးတိုးတက်ရေးကို ဖျက်ဆီးနေကြကြောင်း၊ နိုင်ငံ့အနာဂတ်အတွက် အရေးကြီးသည့် ပညာရေးအခြေခံအဆောက်အအုံများကိုလည်းဖျက်ဆီးခဲ့ကြသဖြင့် အချို့သောဒေသများတွင် ကျောင်းများပိတ်ထားကြရကြောင်း၊ ပညာတတ်များပေါ်ထွက်မှသာလျှင် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသအလိုက်ပညာတတ်များ များပြားလာအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်ခိုင်မာမာဖြစ်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၁၁ နှစ်မြောက် အခမ်းအနားသို့ ပေးပို့ပြောကြားခဲ့သည့် မိန့်ခွန်းတွင်လည်း မိမိတို့နိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံရောယှက်နေထိုင်ကြပြီး ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုး ၃၅ ရာခိုင်နှုန်းကျော်သာနေထိုင်လျက်ရှိပြီး ကချင်ပြည်နယ်တွင်လည်း ကချင်လူမျိုး ၃၉ ရာခိုင်နှုန်းသာ နေထိုင်လျက်ရှိသည်ကို ဥပမာထား၍ ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ပြည်နယ်တစ်ခုသည် လူမျိုးတစ်မျိုးတည်း၏ ပိုင်ဆိုင်မှုမဟုတ်ဘဲ ယင်းဒေသတွင် နေထိုင်ကြသည့် လူမျိုးအားလုံး၏ ပိုင်ဆိုင်မှုဖြစ်သည်ဟူသည့် သဘောထားကို အလေးထားကြရန်လိုပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြရန်လိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်ကိုစိတ်ရင်းအမှန်ဖြင့် ငြိမ်းချမ်းမှုရရှိစေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်နေသည့် တပ်မတော်သာဖြစ်စေလိုကာ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများ အချင်းချင်းတိုက်ခိုက်နေရသည့် တပ်မတော်မဖြစ်စေလိုကြောင်း။

**လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့အားလုံး ညီညီညွတ်ညွတ်ဖြင့်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် စုစည်းညီညွတ်သည့်အားဖြင့်ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် အကောင်းဆုံးအချိန်အခါကောင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဆွေးနွေးဆောင်ရွက်ကြရာတွင် မိမိတို့ဖြစ်လိုသည့် စိတ်ဆန္ဒတစ်ခုတည်းကိုသာကြည့်၍ဆောင်ရွက်နေမည့်အစား ပြည်ထောင်စုအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးထားတိုက်တွန်းလို**ပါကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးရယူပြီးပါက နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်လိုပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပါတီတည်ထောင်၍ဆောင်ရွက်သွားရန်၊ စီးပွားရေးလုပ်ဆောင်လိုပါက ဥပဒေနှင့်အညီဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ရန်၊ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်လိုပါက တပ်မတော်နှင့်ပူးပေါင်း၍ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် တာဝန်ထမ်းဆောင်ရန်နှင့် သာမန်အရပ်သားပြည်သူများကဲ့သို့ အေးချမ်းစွာဖြင့်နေထိုင်လိုပါကလည်း ဥပဒေအကာအကွယ်အောက်တွင် လုံခြုံစွာဖြင့် နေထိုင်သွားနိုင်သည်ကို မိမိအနေဖြင့် ယခင်ကတည်းက ပြောကြားပြီးဖြစ်ကြောင်း။

ထို့ပြင် လက်နက်ကိုင်အဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးကိစ္စများနှင့် ပတ်သက်၍လည်း ကင်းရှင်းကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်းအွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များနှင့်ပတ်သက်လာပါက လုံးဝသည်းခံမည်မဟုတ်ဘဲ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အလေးထားတိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိအချိန်သည် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားရန် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေသည်ဖြစ်သည့်အတွက်အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့် တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
**အမိန့်အမှတ် ၈၄/ ၂၀၂၆**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇ တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဟန်အား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ဝူရှူး၊ လှေလှော်၊ ပိုက်ကျော်ခြင်းနှင့် ဘောလုံးအားကစားအဖွဲ့ချုပ်များအတွက် အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၅**

တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက မြန်မာနိုင်ငံ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝူရှူး၊ လှေလှော်၊ ပိုက်ကျော်ခြင်းနှင့် ဘောလုံး အားကစားအဖွဲ့ချုပ်များအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)




ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Ms. Ma Jia က အလှူငွေပေးအပ်လှူဒါန်းရခြင်း ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက တရုတ်-မြန်မာ အားကစားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် လေးဖွဲ့အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ အခက်အခဲနဲ့ စိန်ခေါ်မှုများစွာကိုကျော်ဖြတ်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ကို စတင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ **NCA ဟာ သာမန်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မျှသာမဟုတ်ဘဲ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာဖို့ သဘောတူညီခဲ့ကြတဲ့ သမိုင်းဝင်နိုင်ငံရေးကတိကဝတ်တစ်ရပ်လည်းဖြစ်**ပါတယ်။

အတိတ်က အတွေ့အကြုံတွေအရ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေအတွက် ဆုံးရှုံးနစ်နာမှုတွေကိုသာ ဖြစ်ပေါ်စေခဲ့ပြီး ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားဘဝတွေကိုလည်း ထိခိုက်စေခဲ့ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ နိုင်ငံရဲ့သမိုင်းကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင်လည်း အမျိုးသားစည်းလုံး ညီညွတ်မှုအားနည်းခြင်းဟာ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့တာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

ယနေ့အချိန်မှာလည်း နိုင်ငံတော်အနေနဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကြားက ပြည်သူ့ဆန္ဒနဲ့အညီ ရွေးကောက်ပွဲကျင်းပပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ရှေ့ဆက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိအောင် အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

NCA စာချုပ်ဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကြားမှာ လိုက်လျောမှု၊ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနဲ့ ငြိမ်းချမ်းရေးလိုလားမှုတွေကို ဖော်ပြထားတဲ့ သမိုင်းဝင်သဘောတူညီချက်တစ်ရပ်ဖြစ်ပါတယ်။ ဒီစာချုပ်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အခြေခံအုတ်မြစ်ဖြစ်သလို ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက်လည်း အရေးပါတဲ့ နိုင်ငံရေးမူဘောင်တစ်ခုလည်းဖြစ်ပါတယ်။

NCA စာချုပ်ကို တစ်ဦးတစ်ဖွဲ့တည်းက ရေးဆွဲခဲ့တာမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ကနဦးအဆိုပြုချက်တွေအပေါ်အခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းကာ သဘောတူရေးဆွဲခဲ့ကြတာဖြစ်ပါတယ်။ **ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ စတင်ဖိတ်ခေါ်တဲ့နေ့ကစပြီး NCA ရရှိခဲ့တဲ့ထိ ရက်ပေါင်း ၁၄၅၀ အတွင်း အစည်းအဝေးနဲ့တွေ့ဆုံညှိနှိုင်းမှု အကြိမ် ၅၀၀၀ ကျော်ပြုလုပ်ခဲ့ကြတဲ့ ရလဒ်လည်းဖြစ်**ပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှာ KNU ၊ DKBA ၊ KNU/KNLA–PC ၊ CNF ၊ PNLO ၊ ABSDF ၊ ALP နဲ့ RCSS စတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့က NCA ကို စတင်လက်မှတ်ရေးထိုးခဲ့ကြတာဖြစ်ပါတယ်။ **အဲဒီအခမ်းအနားကို ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နဲ့ ထိုင်းနိုင်ငံတို့မှ သံတမန်တွေ၊ ပြည်တွင်းအသိသက်သေတွေ ရှေ့မှောက်မှာကျင်းပခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ကလည်း အတည်ပြုပေးခဲ့**ပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာ LDU နဲ့ NMSP တို့ ထပ်မံလက်မှတ်ရေးထိုးခဲ့ကြတဲ့အတွက် NCA မှာ ပါဝင်လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်း ၁၀ ဖွဲ့ထိရှိလာခဲ့ပါတယ်။

NCA ရဲ့ အနှစ်သာရကတော့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံပြီးတော့မှ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကိုအာမခံတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်သူအားလုံးအနေနဲ့ ရှိပြီးသား ကတိကဝတ်တွေကို အလေးထားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

**NCA ဟာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တစ်ခုသာမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခတွေ အဆုံးသတ်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာဖို့ ချမှတ်ထားတဲ့ လုပ်ငန်းမူဘောင်လည်းဖြစ်**ပါတယ်။ ဒါကြောင့်ရှိပြီးသား NCA သဘောတူညီချက်တွေကနေ သွေဖည်ခြင်းမရှိဘဲ NCA လမ်းကြောင်းကို ဆက်လက်အကောင်အထည်ဖော်သွားကြဖို့ လိုအပ်ပါတယ်။ ဘယ်လောက်ပဲကြီးမားတဲ့ပြဿနာတွေဖြစ်စေ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာနိုင်မယ်ဆိုရင် ပဋိပက္ခတွေကို လျှော့ချနိုင်မှာလည်းဖြစ်ပါတယ်။ သဘောထားကွဲလွဲမှု၊ သံသယနဲ့ မယုံကြည်မှုတွေ ရှိနေရင်တောင် ဒီမိုကရေစီနည်းလမ်းဖြစ်တဲ့ တွေ့ဆုံညှိနှိုင်းမှုကို လက်ခံကျင့်သုံးကြမယ်ဆိုရင် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ဖို့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ညှိနှိုင်းရေးကော်မတီတို့ကို ပြင်ဆင်ဖွဲ့စည်းထားပြီး ငြိမ်းချမ်းရေးမူဝါဒ ခြောက်ရပ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ပြင် ဗဟိုကော်မတီရဲ့ ကြေညာချက်အမှတ် ၁/၂၀၂၄ ကို ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်မှာ ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ကြိုတင်ကန့်သတ်ချက်မထားတဲ့ ဆွေးနွေးပွဲတွေကျင်းပနိုင်ဖို့ ဖိတ်ခေါ်ထားပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေသာမက လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့အစည်းတွေကိုလည်း တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ အထူးသဖြင့် **လွန်ခဲ့တဲ့ငါးနှစ်အတွင်း တွေ့ဆုံဆွေးနွေးမှုမပြုလုပ်ခဲ့တဲ့ KNU ၊ CNF နဲ့ ABSDF အဖွဲ့တို့ကိုလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာပါဝင်ကြဖို့ ထပ်မံဖိတ်ခေါ်လို**ပါတယ်။

အလားတူ **PDF အမည်ခံအဖွဲ့များအနေနဲ့လည်း နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားကိုရှေးရှုပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာကြဖို့တိုက်တွန်းလို**ပါတယ်။ ဒီမိုကရေစီကို လိုချင်တယ်ဆိုရင် စည်းကမ်းရှိတဲ့ ဒီမိုကရေစီ၊ အကြမ်းမဖက်တဲ့လုပ်ရပ်များနဲ့သာသွားရမှာဖြစ်ပါတယ်။ စဉ်းစားဆင်ခြင်ပြီးလုပ်ကြစေလိုပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ ရှေ့က ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်နေပေမယ့် နောက်ကအဖျက်လုပ်ငန်းတွေ ဆက်လက်ဖြစ်ပွားနေမယ်ဆိုရင် **"သမင်မွေးရင်း၊ ကျားစားရင်း"** ဆိုသလိုရည်မှန်းချက်တွေ အကောင်အထည်ပေါ်လာမှာ မဟုတ်ပါဘူး။ ဒါကြောင့် **ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး မိမိတို့ဖြစ်ချင်တာတွေကိုသာ ဦးစားပေးတောင်းဆိုနေမယ့်အစား ဖြစ်သင့်ဖြစ်ထိုက်တာနဲ့ ဖြစ်နိုင်တာတွေကို တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်း**လိုပါတယ်။

ယခင်ကာလတွေမှာလည်း NCA နှစ်ပတ်လည်နေ့အခမ်းအနားတွေ၊ ငြိမ်းချမ်းရေးစကားဝိုင်းတွေ၊ ငြိမ်းချမ်းရေးဖိုရမ်တွေနဲ့ လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွေကိုကျင်းပခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၊ နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံညှိနှိုင်း သဘောတူညီချက်တွေရရှိခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်ဖြည့်စွက်သင့်တဲ့ အချက် ၄၃ ချက်အပြင် ယခင်အစိုးရနှစ်ဆက်လက်ထက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဆွေးနွေးသဘောတူခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း ၁ ၊ ၂ နဲ့ ၃ တို့လည်းရှိပါတယ်။ အဲ့ဒီ သဘောတူညီချက်တွေကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးအတည်ပြုပြီး အပိုင်းလိုက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

NCA မှာ လက်မှတ်ရေးထိုးဖို့ကျန်ရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ဖိတ်ခေါ်ညှိနှိုင်းသွားမှာလည်းဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံး ဒီမိုကရေစီအခွင့်အရေးတွေကို ပြည့်ပြည့်ဝဝခံစားနိုင်ရေးနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် အတူတကွလျှောက်လှမ်းနိုင်ရေးဟာ အရေးကြီးပါတယ်။

**ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး မိမိတို့ဖြစ်ချင်တာတွေကိုသာ ဦးစားပေးတောင်းဆိုနေမယ့်အစား ဖြစ်သင့်ဖြစ်ထိုက်တာနဲ့ ဖြစ်နိုင်တာတွေကို တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလို့ . . .**

**အနာဂတ်မျိုးဆက်သစ်တွေအတွက် တည်ငြိမ်အေးချမ်းဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ဖို့တို့ကို အမွေအနှစ်အဖြစ်ပေးအပ်နိုင်ဖို့ အားလုံးမှာတာဝန်ရှိ၊ သဘောထားကွဲလွဲမှုတွေကို လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းမယ့်အစား နိုင်ငံနဲ့ပြည်သူ့အကျိုးကိုရှေးရှုပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာကြဖို့ တိုက်တွန်းလို့ . . .**

**ငြိမ်းချမ်းရေးကိုလိုလားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနဲ့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွေမှာ ပူးပေါင်းပါဝင်ကြဖို့ လှိုက်လှဲစွာဖိတ်ခေါ် . . .**

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

ကျွန်တော်တို့အစိုးရအနေနဲ့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီ၊ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ **ဒီမိုကရေစီစနစ်မှာ အများဆန္ဒကို လေးစားရသလို လူနည်းစုရဲ့ ဆန္ဒနဲ့ အခွင့်အရေးတွေကိုလည်း အလေးထားဖို့လိုအပ်**ပါတယ်။ မိမိနဲ့ သဘောထားမတူညီသူတွေကို ရန်သူအဖြစ် သတ်မှတ်တာ၊ ခွဲခြားဆက်ဆံတာနဲ့ လူ့အသိုင်းအဝိုင်းက ဖယ်ကြဉ်တာတို့ဟာ ဒီမိုကရေစီစနစ်နဲ့ မကိုက်ညီပါဘူး။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနဲ့ ခွဲခြားဆက်ဆံမှုတွေကို ရှောင်ရှားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းကြဖို့ လိုအပ်ပါတယ်။

**ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေနဲ့လူမျိုးစုတွေ စုစည်းနေထိုင်ကြတဲ့ ပြည်ထောင်စုအတွင်း အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးအာဏာတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခွဲဝေကျင့်သုံးခြင်းဖြစ်**ပါတယ်။ ဒီလိုအာဏာခွဲဝေမှုကတစ်ဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ဥပဒေပြုခွင့်နဲ့ ကိုယ်ပိုင်တရားစီရင်ခွင့်တို့ကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ ရောယှက်နေထိုင်ကြတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အမည်နာမအားဖြင့် သတ်မှတ်ထားတဲ့ ရှမ်းပြည်နယ်မှာ ရှမ်းလူမျိုး ၃၅ ရာခိုင်နှုန်းကျော်သာရှိပြီး ကချင်ပြည်နယ်မှာလည်း ကချင်လူမျိုး ၃၉ ရာခိုင်နှုန်းသာရှိတယ်လို့ ဖော်ပြထားပါတယ်။ **ဒါကြောင့် ပြည်နယ်တစ်ခုဟာ လူမျိုးတစ်မျိုးတည်းရဲ့ပိုင်ဆိုင်မှုမဟုတ်ဘဲ အဲဒီဒေသမှာနေထိုင်ကြတဲ့ လူမျိုးအားလုံးရဲ့ပိုင်ဆိုင်မှုဖြစ်တယ်ဆိုတဲ့ သဘောထားကို အလေးထားဖို့လို**ပါတယ်။ **ဒေသအတွင်းနေထိုင်သူအားလုံးကို ကိုယ်စားပြုနိုင်မယ့် ပြည်နယ်အမည်သတ်မှတ်ရေးနဲ့ပတ်သက်ပြီးလည်း အမျိုးသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး အားလုံးဝိုင်းဝန်း စဉ်းစားအဖြေရှာကြဖို့ တိုက်တွန်း**လိုပါတယ်။

စာမျက်နှာ ၁၉ သို့

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်း အစည်းအဝေးခန်းမ၌ကျင်းပရာ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကား ပြောကြားသည်။




အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဝန်ကြီးချုပ်များက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်ကာလသည် ဆန်းသစ်သည့်နည်းပညာများနှင့်အတူ တိုးတက်ပြောင်းလဲနေသည့် ကမ္ဘာကြီးဖြစ်သည်နှင့်အညီ မျိုးဆက်သစ်လူငယ်များကို လက်လှမ်းမီနိုင်ရန်အတွက် ဘက်ပေါင်းစုံကောင်းမွန်ပြည့်စုံအောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ လူငယ်များ၏ စူးစမ်းလိုသည့်စိတ်၊ တီထွင်ဖန်တီးလိုသည့်စိတ်၊ ကျိုးကြောင်းဆီလျော်စွာဖြင့် စဉ်းစားဝေဖန်ပိုင်းခြားနိုင်သည့် စိတ်များအပြင် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန်အတွက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ကထုတ်ပြန်ထားသည့် ဥပဒေများကိုလည်း သိရှိလေးစားလိုက်နာပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ကြစေရန်၊ ကျင့်ဝတ်သိက္ခာပြည့်ဝပြီး အတ္တပရမှျမျှတတနှင့် လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်ကိုလည်း လမ်းပြသွန်သင် ပေးသွားကြရမည် ဖြစ်ကြောင်း။

လူငယ်ကဏ္ဍဖွံ့ဖြိုးရေးကို ဆောင်ရွက်သည့်အခါတွင် အနုပညာနှင့်အားကစား လှုပ်ရှားမှုများအပါအဝင် လူငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရုံသာမက လူငယ်အချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံသင်ယူနိုင်မည့် လူငယ်စင်တာများသည်လည်း အခြေခံကျသည့်ကဏ္ဍတစ်ရပ်တွင်ပါဝင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်စင်တာများကို ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လတ်တလောတွင် ဖွင့်လှစ်ပြီးဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ လူငယ်စင်တာများတွင်လည်း သာမန်လုပ်ရိုးလုပ်စဉ် သဘောမျိုးမဟုတ်ဘဲ လူငယ်များကို တိုက်ရိုက်အကျိုးပြုနိုင်မည့် သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး အကျိုးရှိရှိ ထိထိရောက်ရောက်အသုံးချသွားရန် ပြောကြားလိုကြောင်း။

အနာဂတ်ကာလ နိုင်ငံတော်ကို ယနေ့လူငယ်များနှင့်သာ ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်သောကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် လူငယ်များကို စွမ်းရည်မြင့်မားသော အဖိုးတန်လူသားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြည့်ဝရင့်ကျက်သည့် စွမ်းအားစုများဖြစ်လာစေရေး စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်း၌ရှိသည့် မျိုးဆက်သစ်လူငယ်များကို စနစ်တကျပြုစုပျိုးထောင်ရန်အတွက် ယနေ့အစည်းအဝေးကို တက်ရောက် လာကြသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သုံးသပ်အကြံပြု ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခဲ့မှု၊ ဝန်ကြီးဌာနအနေဖြင့် လူငယ်အသိပညာပေးဟောပြောပွဲများနှင့် စကားဝိုင်းများ ဟောပြောဆွေးနွေးခဲ့မှု၊ အသက်မွေးဝမ်းကျောင်း၊ အားကစားနှင့်လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးခဲ့မှု၊ အသက်မွေးဝမ်းကျောင်း ပညာသင်စရိတ် ထောက်ပံ့ပေးခဲ့မှု၊ နိုင်ငံတကာနှင့် လူငယ်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်အသစ် ပြန်လည်ရေးဆွဲလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်က ယခင်ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပေါ်ထွက်လာစေရန်အတွက် လူငယ်မူဝါဒတွင်ပါဝင်သည့် အဓိကကဏ္ဍ ၁၆ ရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းအကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ကျွန်တော်တို့အစိုးရအနေနဲ့ **၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိတဲ့ ဖက်ဒရယ်ဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ထိရောက်စွာအကောင်အထည်ဖော်သွားမှာဖြစ်**ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပြည်သူများနဲ့ အဖွဲ့အစည်းအားလုံး အကျိုးတူပူးပေါင်းပါဝင်ကြဖို့ လိုအပ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တွေ့ဆုံဆွေးနွေးမှုတွေကို အပိုင်း လေးပိုင်းခွဲပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အလွတ်သဘောနဲ့ တရားဝင်ဆွေးနွေးမှုတွေကို လိုအပ်သလိုပြုလုပ်သွားမှာဖြစ်ပြီး **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးအတွက် Bilateral ဆွေးနွေးပွဲတွေကိုလည်း ဆက်လက်ကျင်းပသွားမှာ ဖြစ်**ပါတယ်။ ထို့ပြင် NCA အရ တရားဝင်အစည်းအဝေးများနဲ့ ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ရေးထိ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အဓိကလိုအပ်တဲ့ လုပ်ငန်းစဉ်တွေကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ တွေ့ဆုံဆွေးနွေးအဖြေရှာတဲ့ **ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးမဟာဗျူဟာတွေ ချမှတ်ရေး၊ ငြိမ်းချမ်းရေးနဲ့အတူ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးနဲ့** လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုဖြစ်စေတဲ့ အကြောင်းအရာတွေကို သုတေသနပြုပြီး ကာကွယ်တားဆီးရေးတို့ပဲဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းကော်မတီက လိုအပ်တဲ့အချိန်ဇယားနဲ့ မဟာဗျူဟာတွေချမှတ်ပေးပြီး ညှိနှိုင်းရေးကော်မတီက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးဟာ တိုက်ရိုက်ဆက်စပ်နေတဲ့အတွက် ဟန်ချက်ညီညီဆောင်ရွက်ကြဖို့လည်း လိုအပ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

ကျွန်တော်တို့ အစိုးရသစ်ရဲ့ ရက်ပေါင်း ၁၀၀ ကာလအတွင်းမှာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ၊ လက်မှတ်ရေးထိုးပြီး တွေ့ဆုံဆွေးနွေးမှု မပြုလုပ်ရသေးတဲ့အဖွဲ့တွေ၊ လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့တွေကို တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ သက်ဆိုင်ရာကော်မတီတွေကလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့တွေ့ဆုံပြီး ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ မြေပြင်လိုအပ်ချက်တွေအပေါ်အခြေခံကာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုဟာ ရေတိုအတွက်သာ မဟုတ်ပါဘူး။ သားစဉ်မြေးဆက် လူငယ်တွေအတွက် တည်ငြိမ်တဲ့ အနာဂတ်၊ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းနဲ့ ကမ္ဘာ့အဆင့်မီနိုင်ငံတစ်ခုကို လက်ဆင့်ကမ်းအမွေပေးနိုင်ဖို့ အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်နေတာဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့နိုင်ငံတော်ရဲ့ အနာဂတ်ဟာ တိုင်းရင်းသားအားလုံးရဲ့ အနာဂတ်ပဲဖြစ်ပါတယ်။ အတိတ်ကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး **အနာဂတ် မျိုးဆက်သစ်တွေအတွက် တည်ငြိမ်အေးချမ်းဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်ခိုင်မာမာဖြစ်ဖို့တို့ကို အမွေအနှစ်အဖြစ် ပေးအပ်နိုင်ဖို့ အားလုံးမှာတာဝန်ရှိ**ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနဲ့ ပြည်သူအားလုံးအနေနဲ့ **သဘောထားကွဲလွဲမှုတွေကို လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းမယ့်အစား နိုင်ငံနဲ့ ပြည်သူ့အကျိုးကိုရှေးရှုပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာကြဖို့ တိုက်တွန်းလို**ပါတယ်။ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို ခွဲခြားစဉ်းစားပြီး ဖြစ်နိုင်တာတွေကို အတူတကွပူးပေါင်းဆောင်ရွက်နိုင်ကြမှသာ ရှေ့ကိုတက်လှမ်းနိုင်မှာဖြစ်ပါတယ်။

အားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် တည်ငြိမ်အေးချမ်းမှုနဲ့အတူ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကိုလိုလားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနဲ့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွေမှာ ပူးပေါင်းပါဝင်ကြဖို့ လှိုက်လှဲစွာဖိတ်ခေါ် အပ်ပါတယ်။

NCA ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့မှသည် နိုင်ငံတော်တစ်ဝန်း ထာဝရငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

PPIB News

**သစ်တောတွေထိန်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏။**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ





**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ Video Message ပေးပို့မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များ၊ NSPNC အကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်သူများ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို ရှေ့ဖုံးတွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က NCA ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ယင်းနောက် အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် NCA လက်မှတ်ရေးထိုးပြီးနောက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှုများကို Video Clip ဖြင့် အကျဉ်းချုံးရှင်းလင်းတင်ပြသည်။

ဆက်လက်၍ NCA လက်မှတ်ရေးထိုးပွဲ၌ နိုင်ငံတကာ အသိသက်သေကိုယ်စားလှယ်အဖြစ်ပါဝင်ခဲ့သော တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက Video Message ဖြင့် NCA အထိမ်းအမှတ်စကားပြောကြားကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် NCA လက်မှတ်ရေးထိုးပွဲ၌ပါဝင်ခဲ့ကြသော အသိသက်သေများဖြစ်ကြသည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး၊ UPWC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား) ညှိနှိုင်းရေးကော်မတီအကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်းနှင့် UPWC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ညှိနှိုင်းရေးကော်မတီ အကြံပေးအဖွဲ့ဝင် ဦးသိန်းဇော်တို့က NCA အထိမ်းအမှတ် အမှတ်တရစကားများပြောကြားကြသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ(KNU/ KNLA-PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့မှ ခေါင်းဆောင်များက NCA အထိမ်းအမှတ် အမှတ်တရစကားများပြောကြားကြသည်။

ဆက်လက်၍ NCA လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ NCA စာချုပ်လက်မှတ်ရေးထိုးခဲ့စဉ်က ကိုယ်တိုင်ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော ပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပံ့ပိုးကူညီပေးခဲ့ကြသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို NCA ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုနေ့လယ်စာဖြင့်တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် **“ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့”** အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ NSPNC အကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် မီဒီယာများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အလုပ်ရုံဆွေးနွေးပွဲကို **“ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့”** ဆောင်ပုဒ်ဖြင့် နှစ်ရက်တာနိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် **“NCA မှ အတွေ့အကြုံ၊ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်၍ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နည်းလမ်းများဖော်ထုတ်ခြင်း”**ခေါင်းစဉ်၊ ဒုတိယနေ့တွင် အဖွဲ့ နှစ်ဖွဲ့ခွဲပြီး အဖွဲ့(၁)က **“ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုသဟဇာတဖြစ်ထွန်းရေးအတွက် လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်လေ့လာခြင်း”** ခေါင်းစဉ်၊ အဖွဲ့(၂)က **“ငြိမ်းချမ်းရေးနှင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများမြှင့်တင်မှုအကြား အပြန်အလှန်ဆက်နွှယ်မှုနည်းလမ်းများဖော်ထုတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များနှင့် အကူအညီများ ထိရောက်စွာဆောင်ရွက်နိုင်ရေး”** ခေါင်းစဉ်များဖြင့် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးရာတွင် အကောင်အထည်ဖော်နိုင်ခဲ့မှုများ၊ အောင်မြင်မှုများ၊ သင်ခန်းစာများ၊ အချင်းချင်းအမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ခြင်းဖြင့် အလွတ်သဘောကျယ်ပြန့်စွာ ဆွေးနွေးစေလိုကြောင်း၊ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ၊ ဘာသာစကားများ၊ ကိုးကွယ်ယုံကြည်မှုများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ စုစည်းတည်ရှိနေသည့် မိမိတို့ပြည်ထောင်စု နိုင်ငံတော်အတွင်း ပဋိပက္ခ၏ အဓိကဇာစ်မြစ်ဖြစ်သည့် သံသယများကိုကျော်လွှားနိုင်ရန် လူမှုသဟဇာတဖြစ်မှုကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ သတိထားရမည့်စိန်ခေါ်မှုများနှင့် အနာဂတ်တွင်ပေါ်ပေါက်လာနိုင်မည့် ခြိမ်းခြောက်မှုများကိုသိရှိပြီး ငြိမ်းချမ်းရေးတွင်ပါဝင်သူများကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်တည်ဆောက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့မှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များက **“NCA မှ အတွေ့အကြုံ၊ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်၍ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နည်းလမ်းများဖော်ထုတ်ခြင်း”** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ သဘာပတိအဖြစ် ဦးအောင်နိုင်ဦးက ဆောင်ရွက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(အငြိမ်းစား)၊ ဦးလှမောင်ရွှေနှင့် RCSS မှ စဝ်စိုင်းငင်းတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို NCA ပါ ပြဋ္ဌာန်းချက်များအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ သင်ခန်းစာဖော်ထုတ်ရေး၊ NCA အနှစ်သာရနှင့် NCA ပါအခြေခံမှုများကိုထိန်းသိမ်းပြီး လက်ရှိအခြေအနေနှင့်ကိုက်ညီအောင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ မတူကွဲပြားသည့် သက်ဆိုင်သူများကြား ဆက်ဆံရေးကောင်းမွန်လာပြီး ယုံကြည်လက်ခံနိုင်သော ပေါင်းစည်းချိတ်ဆက်မှုဖြင့် ယုံကြည်မှုတည်ဆောက်ရေး၊ ယုံကြည်မှုပြန်လည်တည်ဆောက်ခြင်းနှင့်ချိတ်ဆက်နိုင်သော နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်သွားရေးတို့နှင့်ပတ်သက်ပြီး သဘောထားအမြင်များကိုရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ သဘာပတိက နိဂုံးချုပ်ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ဒုတိယနေ့ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Nguyen Anh Duc ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Nguyen Anh Duc ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်သံအမတ်ကြီးနှင့် အဖွဲ့ကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ သံတမန်အတွေ့အကြုံကြွယ်ဝသည့် အဆွေတော်သည် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ၁၉၇၅ ခုနှစ်မှစတင်ခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ၅၁ နှစ်ထဲသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ အာဆီယံမိသားစုဝင်နိုင်ငံများဖြစ်ကြသည့် မိမိတို့နှစ်နိုင်ငံသည် ရှည်လျားသည့်ချစ်ကြည်ရင်းနှီးသော သံတမန်ဆက်ဆံရေးကို တည်ဆောက်ထိန်းသိမ်း နိုင်ခဲ့ကြပါကြောင်း၊ ထို့ပြင် မိမိတို့နှစ်နိုင်ငံကြား စီးပွားရေး၊နည်းပညာ၊ ယဉ်ကျေးမှုစသည့် ကဏ္ဍများတွင်လည်း ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း။

မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပါကြောင်း၊ မိမိတို့ပြည်သူ့လွှတ်တော်သည် လူဦးရေနှင့်မြို့နယ်ကိုအခြေခံ၍ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ဖြစ်ပါကြောင်း၊ နိုင်ငံတကာပါလီမန်များနှင့် ဆက်ဆံရေးတိုးမြှင့်ရန်အတွက် မိမိတို့ လွှတ်တော်တွင် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းထားပါကြောင်း၊ ထိုအဖွဲ့တွင် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့လည်း ဖွဲ့စည်းထားပြီးဖြစ်၍ မိမိတို့ လွှတ်တော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုပါကြောင်း၊ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌအချင်းချင်း၊ လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း ဆက်ဆံရေးကို တစ်ဆင့်ချင်းတိုးမြှင့်ဆောင်ရွက်လိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ကော်မတီချင်းဆက်ဆံရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်တို့ကြား ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ယခုတွေ့ဆုံမှုသည် ခြေလှမ်းအစဖြစ်ပါကြောင်း၊ ထို့ပြင် ဗီယက်နမ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအထောက်အပံ့ပြုသည့် Doi Moi Plan (2.0) နှင့် ပတ်သက်၍လည်း အဆွေတော်နှင့် ထပ်မံ၍ အသေးစိတ်ဆွေးနွေးလိုပါကြောင်း၊ အဆွေတော်တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မိမိတို့နှစ်နိုင်ငံ၏ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Nguyen Anh Duc က ယခုကဲ့သို့ ဂါရဝပြုတွေ့ဆုံခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်အနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အစိုးရသစ်အနေဖြင့် ခြောက်လတာ ကာလအတွင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများအတွက် ဂုဏ်ယူပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယခင်နိုင်ငံ့ခေါင်းဆောင်ကြီးများ အဆက်ဆက်တွင်လည်း ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြသည့် မိတ်ဆွေကောင်း နိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားပါကြောင်း၊ ထို့ပြင် လွှတ်တော်နှစ်ရပ်ကြား ဥပဒေပြုရေးနှင့် ကော်မတီများပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်လည်း အပြည့်အဝ ထောက်ခံအားပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မိမိတို့နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်သူ့လွှတ်တော် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ပုံ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမျိုးမြင့်အောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) ငါးစောင် လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ကြား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် “မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects- QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ငါးစောင်လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့တွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကျော်ဟိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ပထမအတွင်းဝန် Mr. Amit Shreeansh အပါအဝင် တာဝန်ရှိကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နားလည်မှု စာချွန်လွှာများဖြစ်သည့် **အများပြည်သူ အပန်းဖြေလေ့လာနိုင်ရန် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)ရှိ ကျေးရွာပတ်လမ်း အဆင့်မြှင့်တင်ပြုပြင်ခြင်းစီမံချက်**ကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှလည်းကောင်း၊ **မြန်မာနိုင်ငံရှိ လျှောင်ဒဏ်သင့် ကျောင်းများအတွက် WASH ထောက်ပံ့ကူညီရေးစီမံချက်**ကို ပညာရေးဝန်ကြီးဌာနမှ လည်းကောင်း၊ **ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူများ သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်း စီမံချက်**ကို စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှလည်းကောင်း၊ **မန္တလေးတိုင်းဒေသကြီးရှိ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းတွင် ဖူဆယ်ဘောလုံးကွင်း တည်ဆောက်ခြင်းစီမံချက်**ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှလည်းကောင်း၊ **စာရင်းစစ်ဆေးလေ့ကျင့်သင်ကြားနိုင်ရန် အချက်အလက်များ ထုတ်ယူစိစစ်သုံးသပ်သော ဆော့ဝဲလ် ဝယ်ယူခြင်းစီမံချက်**ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ လည်းကောင်း ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြပြီး အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စားမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန် Mr. Amit Shreeansh က လက်မှတ်ရေးထိုးကြသည်။




စီမံချက်တန်ဖိုး စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၄၇၅၀၂ ဒသမ ၄၇ ဖြစ်ပြီး ယနေ့ လက်မှတ်ရေးထိုးသည့် QIP စီမံချက် ငါးခုအပါအဝင် အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် QIP စီမံချက် ၁၀ ခုကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ငြိမ်းချမ်းရေးကို အောင်မြင်အောင်အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံရဲ့အနာဂတ်၊ ပြည်သူတွေရဲ့လုံခြုံရေးနဲ့ လူမှုစီးပွားဘဝတွေ အားလုံးအဆင်ပြေသွားမှာ ဖြစ်ပါတယ်။

**ဦးကပ်လမ်ခုပ် (ကိုယ်စားလှယ်၊ ဇိုမီးနိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် "ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးလိုလားသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



ဗိုလ်မှူးကြီး ဝဏ္ဏအောင်



စောကျော်ညွန့်



ဦးကပ်လမ်ခုပ်



ဦးအောင်စိုးမိုး

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်**
**(တွဲဖက်အတွင်းရေးမှူး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ)**

NCA ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ် အပါအဝင် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပဖို့ ယန္တရားနဲ့ လမ်းပြမြေပုံတွေ ပါဝင်ပါတယ်။ NCA မှာ အဓိကအနေနဲ့ ဘုံရည်မှန်းချက်အဖြစ် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့ အညီ တည်ဆောက်သွားမယ်ဆိုပြီး ပါရှိတဲ့အတွက် ကောင်းမွန်ပြည့်စုံတဲ့ စာချုပ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်လည်း NCA ကို အခြေခံပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် နှစ်ပတ်လည်နေ့ အခမ်းအနားတွေကိုလည်း နှစ်စဉ်နိုင်ငံရေးအနှစ်သာရရှိရှိနဲ့ ကျင်းပပြုလုပ်နေတာပဲဖြစ်ပါတယ်။

အရင်ကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွေမှ ပြည်ထောင်စု သဘောတူစာချုပ်အဖြစ် သဘောတူညီချက် (၇၂) ချက်ရခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ်နဲ့ ၂၀၂၅ ခုနှစ်အတွင်းမှာတော့ အဲဒီအချက်တွေထဲကနေ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်မယ့် အချက်တွေကို ထုတ်နုတ် ဆွေးနွေးခဲ့ကြရာမှာ ပြင်ဆင်ဖြည့်စွက်ဖို့ (၄၃) ချက် သဘောတူညီမှုရရှိခဲ့ပါတယ်။ အခု ပြည်ထောင်စု လွှတ်တော်ကနေ ဆက်လက်ဆွေးနွေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာ တွေ့ဆုံဆွေးနွေးမှုတွေကနေ တစ်ဆင့် နိုင်ငံအတွက် ထူးခြားတဲ့ရလဒ်ပဲ ဖြစ်ပါတယ်။

အခုကျင်းပမယ့် NCA (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနဲ့ တစ်ဆက်တည်းမှာပဲ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို "ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (From Peace, Social Cohesion to Development)" ဆိုတဲ့ဆောင်ပုဒ်နဲ့ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်နဲ့ ၁၆ ရက်တွေမှာ NSPNC က ဦးစီးပြီး နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပသွားမှာဖြစ်ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့မှာ "NCA မှ အတွေ့အကြုံ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်၍ အနာဂတ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် နည်းလမ်းများ ဖော်ထုတ်ခြင်း" ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒုတိယနေ့မှာတော့ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဆွေးနွေးကြမှာပါ။ အဖွဲ့ (၁) အနေနဲ့ "ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုသဟဇာတ ဖြစ်ထွန်းရေးအတွက် လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်လေ့လာခြင်း" ခေါင်းစဉ်နဲ့ ဆွေးနွေးမှာဖြစ်ပြီး အဖွဲ့(၂) ကတော့ "ငြိမ်းချမ်းရေးနှင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ မြှင့်တင်မှုအကြား အပြန်အလှန်ဆက်နွယ်မှု နည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့် အကူအညီများထိရောက်စွာဆောင်ရွက်နိုင်ရေး" ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ အမြင်ချင်းဖလှယ်ပြီး အလွတ်သဘော ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားကြမှာပါ။

ဒီအလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ NCA မှာ ရရှိခဲ့တဲ့ အတွေ့အကြုံတွေထဲကနေ အောင်မြင်မှုနဲ့ စိန်ခေါ်မှုတွေကို ပြန်လည်သုံးသပ်ပြီး အနာဂတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နည်းလမ်းတွေဖော်ထုတ်ဖို့၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူသားချင်းစာနာမှု အကူအညီတွေကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ဖို့၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ညှိနှိုင်းဖြေရှင်းပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲကို တက်ရောက်ဖို့ NSPNC ကော်မတီဝင်တွေ၊ အကြံပေး အဖွဲ့ဝင်တွေ၊ လွှတ်တော် ကိုယ်စားလှယ်တွေ၊ JMC ကိုယ်စားလှယ်တွေ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်နေသူတွေအပြင် အခြား ဖိတ်ကြားသင့်သူတွေ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေ၊ နိုင်ငံရေးပါတီများအစုအဖွဲ့ရဲ့ အလုပ်အဖွဲ့ ကိုယ်စားလှယ်တွေ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေက ညွှန်ကြားရေးမှူးချုပ်တွေနဲ့ မီဒီယာများက အယ်ဒီတာချုပ်တွေကို ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲမှာ အတွေ့အကြုံတွေ၊ အမြင်ချင်းတွေကို ဖလှယ်၍ အလွတ်သဘော ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားကြမှာပဲဖြစ်ပါတယ်။

**စောကျော်ညွန့် (ပြောရေးဆိုခွင့်ရှိသူ၊7 EAO Alliance)**

ဒီနေ့ကျင်းပတဲ့ (၁၁) နှစ်မြောက် NCA နှစ်ပတ်လည်နေ့အခမ်းအနားဟာ အနှစ်သာရအပြည့်အဝရှိပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူလူထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေးဆိုတာ မဖြစ်မနေရယူရမယ့် အရေးတကြီး လိုအပ်ချက်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၁ နှစ်က ချုပ်ဆိုခဲ့တဲ့ NCA လမ်းကြောင်းအတိုင်း ပြန်သွားဖို့ဆိုတာ လက်ရှိအခြေအနေအရ ခက်ခဲနိုင်တယ်ဆိုတာကိုလည်း အားလုံးနားလည်ပြီးသားပါ။ ဒါကြောင့် အရင်တုန်းက သဘောတူခဲ့တဲ့ NCA ပုံစံအတိုင်း တကယ့် လက်တွေ့ကျတဲ့ အနာဂတ်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဒီအခမ်းအနားကနေ စတင်ဖော်ဆောင်နိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အတွက် များစွာအကျိုးရှိလိမ့်မယ်လို့ ခံစားမိပါတယ်။

**ဦးကပ်လမ်ခုပ် (ကိုယ်စားလှယ်၊ ဇိုမီးနိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)**

NCA ဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အမှန်တကယ်လိုအပ်ပါတယ်။ လက်ရှိမှာ နိုင်ငံရဲ့နေရာဒေသအချို့မှာ မငြိမ်းချမ်းသေးတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံရဲ့ အနာဂတ်၊ ပြည်သူတွေရဲ့ လုံခြုံရေးနဲ့ လူမှုစီးပွားဘဝတွေ အားလုံးအဆင်ပြေသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဘက်ကနေ ကြိုတင်ကန့်သတ်ချက်မထားဘဲ ငြိမ်းချမ်းရေးဆွေးနွေးဖို့ တစ်နိုင်ငံလုံးကို ကမ်းလှမ်းလာတဲ့အခါ ကျွန်တော်တို့အနေနဲ့ NSPNC နဲ့ ဆက်သွယ်ညှိနှိုင်းခွင့် ရရှိခဲ့ပြီး ဒီနေ့အခမ်းအနားကို တက်ရောက်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ NCA ကို ခိုင်ခိုင်မာမာထောက်ခံကြိုဆိုရခြင်းဖြစ်ပါတယ်။

**ဦးအောင်စိုးမိုး**
**(အရပ်သားကိုယ်စားလှယ်၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ)**

NCA ဆိုတာ နိုင်ငံတကာ အသိသက်သေတွေရဲ့ ရှေ့မှောက်မှာ ပထမဆုံး လက်မှတ်ရေးထိုးခဲ့တဲ့ ငြိမ်းချမ်းရေးစာချုပ် ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်သတ်ရေးဆွဲထားတာမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင် နယ်မြေတွေမှာ သန္ဓေတည်ပြီး နှစ်ဦးနှစ်ဖက် ရေရှည်ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့ စနစ်တကျရေးဆွဲထားတဲ့ ငြိမ်းချမ်းရေးစာချုပ်တစ်ခု ဖြစ်ပါတယ်။ NCA နဲ့ ပတ်သက်ပြီး ပြန်လည်သုံးသပ်စရာတွေ ရှိပေမယ့် တစ်ဖက်မှာလည်း ရရှိခဲ့တဲ့ အောင်မြင်မှုတွေ အများကြီးရှိခဲ့ပါတယ်။ အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေး ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ချက်နဲ့ ပတ်သက်လို့ကတော့ NCA လမ်းကြောင်းအတိုင်း သွားနေတဲ့ အစုအဖွဲ့တွေ ရှိသလို NCA လမ်းကြောင်းအတိုင်း မဟုတ်ဘဲ သဘောထားအသစ်တွေနဲ့ သွားနေတဲ့အစုအဖွဲ့တွေလည်း ရှိပါတယ်။ NSPNC ဘက်ကလည်း NCA နဲ့ NCA Plus ဆိုပြီး စဉ်းစားဆောင်ရွက်နေတာ ရှိပါတယ်။ အကောင်အထည်ဖော်မှုအပိုင်းကိုတော့ မူဝါဒချမှတ်သူတွေက ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ သဘောထားအနေနဲ့ ပြောရရင်တော့ NCA လမ်းကြောင်းနဲ့ ဆက်လက် ဆောင်ရွက်မယ်၊ နိုင်ငံရေး စကားဝိုင်းတွေ (Dialogues) ပြန်လည်ပေါ်ပေါက်လာမယ်ဆိုရင် နိုင်ငံဟာ ငြိမ်းချမ်းတဲ့ အနေအထားတစ်ခုကို ပြန်လည် ရောက်ရှိသွားမယ်လို့ မျှော်လင့်ပါတယ်။

တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်
ဓာတ်ပုံ - အေးသန်း (MNA)


## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၅ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| **ရုံးချုပ်(နေပြည်တော်)** | - | ၀၆၇-၃၄၀၅၀၉၉ |
| **နေပြည်တော်ရုံး** | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| **တိုင်းဒေသကြီးရုံး(ရန်ကုန်)** | - | ၀၉-၈၅၄၉၂၁၀၀၀ |
| **တိုင်းဒေသကြီးရုံး(မန္တလေး)** | - | ၀၉-၄၃၀၉၆၉၈၀ |

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်နှင့် လွတ်လပ်ရေးရရှိပြီးကာလနောက်ပိုင်းတွင် နိုင်ငံ၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရေးအတွက် ခေတ်အဆက်ဆက်တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလေ့လာသိရှိနိုင်ကာ လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသား၊ ကျောင်းသူလူငယ်များ ကျောင်းပြင်ပ အသိပညာဗဟုသုတများစွာရရှိစေရန်နှင့်သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(အောင်သုခ)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ရေပြာ) တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး တပ်မတော် (လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု၊ အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်၊ စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ဘယ်လိုစီစဉ်ဆောင်ရွက်ခဲ့တာလဲဆိုတော့ လာရောက်လေ့လာမယ့် ကလေးတွေကို ကြိုတင်ပြီးတော့ အသိပေးရတယ်။ နောက်ပြီးတော့ သူတို့သွားလာရေးမှာ အဆင်ပြေဖို့အတွက် စားရေးသောက်ရေးကအစ စီစဉ်ပေးရတယ်။ နောက်တစ်ခါ ဒီက ကားတွေရောက်တဲ့အခါမှာ အချိန်မီရောက်ရှိရေးအတွက် ကြိုတင်မှာကြားသင့်တာလေးတွေ မှာကြားရတယ်။ စည်းကမ်းတကျလေ့လာနိုင်ဖို့အတွက် ဘာတွေပြုမူရမယ်၊ ဘာတွေမပြုမူရဘူး အစရှိသဖြင့် အဲ့ဒါလေးတွေလဲ မှာကြားရပါတယ်။ ကြည်း၊ ရေ၊ လေ နဲ့ပတ်သက်တဲ့ပြခန်းတွေ အစုံပေါ့နော် အဲ့ဒါတွေကို သူတို့တာဝန်ရှိတဲ့လူတွေက စီစဉ်ထားတဲ့အတိုင်း ကျွန်မတို့တစ်ခန်းပြီးတစ်ခန်း အဆင်ပြေစွာနဲ့ လေ့လာကြည့်ရှုခဲ့ရပါတယ်။ ကလေးတွေက စာသင်ခန်းထဲမှာပဲ အမြဲတမ်းလေ့လာနေရတာထက်စာလို့ရှိရင် အခုလိုပတ်ဝန်းကျင်မှာထွက်ပြီးတော့ လေ့လာရတဲ့အခါကျတော့ သူတို့ပြင်ပဗဟုသုတလေးတွေရတယ်။ ပြီးတဲ့အခါကျတော့ အခုလို ပြင်ပကိုထွက်ပြီးတော့ လေ့လာရတဲ့အခါမှာ ပိုပြီးတော့လွတ်လပ်ပျော်ရွှင်တဲ့ ခံစားချက်အရသာလေးတွေလဲ ခံစားရ



တယ်ပေါ့နော်။ နောက်ပြီးတော့ သူတို့ ဒီကျောင်းသားဘဝမှာ အမှတ်တရတွေ အနေနဲ့လဲ ဒီလေ့လာရေးခရီးစဉ်လေးက ကျန်ရစ်ခဲ့မယ်လို့လဲ ကျွန်မမျှော်လင့်ပါတယ်ရှင်။ ကလေးတွေအတွက် တန်ဖိုးရှိတဲ့ခရီးစဉ်လေးကို စီစဉ်ပေးတဲ့အတွက် ဒီထက်ပိုပြီး နောက်ထပ်နောက်ထပ်လဲ ဒီလိုခရီးစဉ်မျိုးလေးတွေ အများကြီး စီစဉ်ပေးနိုင်မယ်လို့လဲ မျှော်လင့်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်"ဟု ပြောသည်။ (၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**○ တနင်္သာရီတိုင်းဒေသကြီးမှ**

ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာရပ်ကွက်များ၌ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများဖယ်ရှားခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့နယ်ဝန်းကျင်ဒေသရှိ သဗျာ၊ ပညွှင်း၊ ညွှင်းမှော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်း၊ အင်းဇောက်၊ ပဥ္စသီမော်ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များက မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**❑ မမြရေလှောင်တမံမှ**

ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိ ရေ ၃၀၇ ဒသမ ၇၅ ပေသာ ကျန်ရှိတော့သဖြင့် ၇ ဒသမ ၂၅ ပေခန့် လျော့နည်းသွားကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် နေ့အပူချိန်များ (၁၅ - ၁၀ - ၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဘီးလင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မော်လမြိုင် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ထားဝယ် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ပြည် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၃၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြု ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကျင်းပ




မန္တလေး အောက်တိုဘာ ၁၅

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၃၈ နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊တာဝန်ရှိသူများ၊ ဝန်ထမ်းများက ဇီဝိတဒါနအဖြစ် နှစ်လက်မအရွယ် ငါးအကောင် ၁၀၀၀၀ ကို ကန်တော်ကြီးအတွင်း လွှတ်ပေးခြင်းတို့ကို ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ၂၀၂၄ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲ ၄၁၂ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၅

၂၀၂၄ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။



နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ်(၁၁၀၁)မှ (၁၆၀၅)ထိ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက စစ်ဆေးကာ ကျောက်စိမ်းအတွဲ ၄၁၂ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာပေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်းရတနာကုန်သည်များက အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ အောင်စာရင်းထုတ်ပြန်ကြေညာနေမှု ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ပြပွဲနဝမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ်(၁၆၀၆)မှ (၂၃၅၅)ထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါကျောက်စိမ်းအတွဲများအတွက် ရောင်းချရသည့်အတွဲများကိုလည်း ကြေညာပေးသွားမည်ဖြစ်ကာ ၂၀၂၄ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၇ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ အဖိုးတန်ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့စေမှုနှင့် မြန်မာ့ရေ၊ မြေအလှတရားများကို ထာဝစဉ်တည်တံ့စေရန် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၁၅-၁၀-၂၀၂၄ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃ ~ ၃၆၆၆.၅ | ၅၅၈ ~ ၅၅၈.၁ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၈,၂၇၁,၆၅၃.၈၆ | ၄၇,၇၅၅,၃၈၃.၇၀ | ၅၆,၄၂၇,၄၀၃.၃၃ | - |

# အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဒီဇင်ဘာ ၆ ရက် (တနင်္ဂနွေနေ့)မှ ဒီဇင်ဘာ ၈ ရက်(အင်္ဂါနေ့) ထိခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း သို့မဟုတ် ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း သို့မဟုတ် ၎င်းနှင့်အလားတူ စာမေးပွဲများအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများ အနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်များကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့နယ်သံဃနာယက အဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၃၆၉ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၁၅

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၃၆၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဓါးပြတိုက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၅**

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့် ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့ များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်း

သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

သားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်း များ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ် ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပဋ္ဌပတ္တိ မာမကကျောင်းတိုက်တွင် သံဃာတော် အပါး၃၀ တို့ကိုခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြော အားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော သံဃာတော်များ အား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင် ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါ ကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်း ရရှိသည်။ (၅၀၁)

# အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ နေစွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ်၏ စိတ်ချင်းယှက်နွယ် ယူနန် ပြည်နယ် အစီအစဉ်အရ ရန်ကုန်တိုင်း ဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းတွင် နေစွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အား ပေးစနစ် တပ်ဆင်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ နေစွမ်းအင်သုံးဆိုလာလျှပ်စစ် ဓာတ်အားပေးစနစ် စီမံကိန်းလုပ်ငန်း အောင်မြင်ပြီးစီးသည့်အတွက် လုပ်ငန်း အပ်နှံခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှိ ပညာ တံခွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသ ကြီး အခြေခံပညာဦးစီးဌာန ပညာရေးမှူး ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုး ဝင်းအောင်၊ အလှူရှင် ယူနန်ပြည်နယ် ပြည်သူ့နိုင်ငံခြား ချစ်ကြည်ရေးအသင်း (Yunnan Provincial People's Association For Friendship With Foreign Countries) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Yang Sheng၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့ သမ္မတနိုင်ငံသံရုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန သံမှူး Ou Yang Daobing တို့က အမှာစကားပြော ကြားကြပြီး အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေး မှူးချုပ် Yang Sheng၊ သံမှူး Ou Yang Daobing နှင့် Sunshine Energy Technology Co.,Ltd မှ MENG FEI ခေါ် ဒေါ်ကြည်လင်းတို့က နေစွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အားပေး စီမံကိန်း လုပ်ငန်းပြီးစီးမှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ် ဆရာကြီးထံ လွှဲပြောင်းပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။



အဆိုပါလှူဒါန်းမှုကို Yunnan Provincial People's Association For Friendship With Foreign Countries နှင့် Foreign Affairs Office Of Qujing Municipal People's Government တို့က အဓိက ကူညီပံ့ပိုးလှူဒါန်းခြင်းဖြစ်ပြီး လှူဒါန်းမှုတွင် ဆိုလာ ၅၄ ချပ်၊ အင်ဗာတာ သုံးလုံး၊ ဘက်ထရီခြောက်လုံးပါဝင်ကာ နေ့စဉ် ၉၆ ဒသမ ၂၅ ကီလိုဝပ် လျှပ်စစ် ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဖြစ် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ပြေးခုန်ပစ်ပြိုင်ပွဲမှ**

မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ တုတ်ထောက်ခုန်၊ သံလုံးပစ်၊ အလျားခုန်ပြိုင်ပွဲများ၊ အမျိုးသမီး ခုနစ်မျိုးစုံပြိုင်ပွဲများဖြစ်သည့် (မီတာ ၈၀၀၊ အလျားခုန်၊ လှံတံပစ်) ပြိုင်ပွဲများ၏ နောက်ဆုံးလူရွေးပွဲစဉ်များ နှင့် ဗိုလ်လုပွဲများကို အသီးသီးယှဉ်ပြိုင် ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ဖြစ်သည့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ ထက်ရှိုင်းအောင်က စံချိန် 22.52 စက္ကန့် ဖြင့် ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ ကောင်းဆက်ဇော်က စံချိန် 22.60 စက္ကန့်ဖြင့် ဒုတိယ၊ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းမှ ကောင်းခန့်ထွန်းက စံချိန် 22.63 စက္ကန့်ဖြင့် တတိယတို့ကို လည်းကောင်း၊ မီတာ ၈၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ ဟိန်းထက်အောင်က စံချိန် 1:57.05 စက္ကန့် ဖြင့် ပထမ၊ ကျန်းမာရေးဝန်ကြီးဌာန အသင်းမှ စောအယ်မှူးက စံချိန် 1:58.43 စက္ကန့်ဖြင့် ဒုတိယ၊ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ အောင်သူသျှိုင်းက စံချိန် 1:59.40 စက္ကန့် ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းမှ မြတ်ဝင်းလှိုင်က စံချိန် 15:51.58 စက္ကန့်ဖြင့် ပထမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းမှ ရဲရင့်အောင်က စံချိန် 15:52.71 စက္ကန့်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းမှ သန့်ဖုန်းအောင်က စံချိန် 16:11.78 စက္ကန့်ဖြင့် တတိယတို့ကိုလည်း ကောင်း၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက စံချိန် 3:21.52 စက္ကန့်ဖြင့် ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စံချိန် 3:25.74 စက္ကန့်ဖြင့် ဒုတိယ၊ ကျန်းမာ ရေးဝန်ကြီးဌာနအသင်းက စံချိန် 3:25.80 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းမှ ကျော်စွာဟိန်းက စံချိန် 4.61 မီတာဖြင့် ပထမ၊ ဆောက်လုပ် ရေးဝန်ကြီးဌာနအသင်းမှ အောင်ကျော် မင်းက စံချိန် 4.10 မီတာဖြင့် ဒုတိယ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းမှ ဂျိန်းစဘွန်းက စံချိန် 3.70 မီတာဖြင့် တတိယတို့ကိုလည်း ကောင်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းမှ ထက်ဝေယံက စံချိန် 14.30 မီတာဖြင့် ပထမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းမှ ထက်နေလင်းက စံချိန် 13.30 မီတာဖြင့်ဒုတိယ၊အားကစားရေးရာဝန်ကြီး ဌာနအသင်းမှ ဥက္ကာဆက်ပိုင်က စံချိန် 12.06 မီတာဖြင့် တတိယတို့ကိုလည်း ကောင်း ရရှိသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ ဇူလိုင်မိုးက စံချိန် 25.74 စက္ကန့်ဖြင့် ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ နွေဦးခိုင်က စံချိန် 25.88 စက္ကန့်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ ကေဇင်ဖြိုးက စံချိန် 27.07 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၈၀၀ ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီး ဌာနအသင်းမှ ရီမြာက စံချိန် 2:13.18 စက္ကန့်ဖြင့် ပထမ၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းမှ နှင်းရွှေရည်က စံချိန် 2:14.21 စက္ကန့်ဖြင့် ဒုတိယ၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းမှ ထားသဥ္ဇာအေးက စံချိန် 2:18.52 စက္ကန့်ဖြင့် တတိယတို့ကို လည်းကောင်း၊ မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ အိအိဝိုင်းက စံချိန် 18:01.60 စက္ကန့်ဖြင့် ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ လှိုင်လှိုင်မြင့်က စံချိန် 18:45.62 စက္ကန့်ဖြင့် ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ ငါးမယ်က စံချိန် 19:25.78 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စံချိန် 4:00.65 စက္ကန့်ဖြင့် ပထမ၊ ဆောက်လုပ် ရေးဝန်ကြီးဌာနအသင်းက စံချိန် 4:04.60 စက္ကန့်ဖြင့် ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက စံချိန် 4:19.84 စက္ကန့်ဖြင့် တတိယတို့ကိုလည်းကောင်း၊ အလျားခုန် ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်း မှ ဝါဝါရွှေက စံချိန် 5.36 မီတာဖြင့် ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ယဉ်ယဉ်စိုးက စံချိန် 5.35 မီတာဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ ခိုင်သဇင်ဦးက စံချိန် 5.34 မီတာ ဖြင့် တတိယတို့ကိုလည်းကောင်း၊ သံလုံး ပစ်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ အေးချမ်းဗိုလ်က စံချိန် 12:24 မီတာဖြင့် ပထမ၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ သုနန္ဒာလွင်က စံချိန် 10.79 မီတာဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ နွယ်နွယ်စန်းဝင်းက စံချိန် 10.42 မီတာဖြင့် တတိယတို့ကိုလည်း ကောင်း၊ အမျိုးသမီး ခုနစ်မျိုးစုံပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ယဉ်ယဉ်စိုးက စံချိန် 3890 pts (၃၈၉၀ မှတ်)ဖြင့် ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ခင်ရတနာအောင်က စံချိန် 3556 pts (၃၅၅၆ မှတ်)ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ အေးစန္ဒာဝင်းက စံချိန် 2573 pts (၂၅၇၃ မှတ်)ဖြင့် တတိယတို့ကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်း အနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲ များအသီးသီးတွင် ဆုရရှိခဲ့သူများကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူး ချုပ်များနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ် များနှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ယမန်နေ့ ပြိုင်ပွဲဖြစ်သည့် အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှ အိအိဝိုင်း၏ စံချိန် 10:55.01 စက္ကန့်သည် ၂၀၂၀ ပြည့်နှစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ နှင်းယုစိုး၏ စံချိန် 11:12.24 စက္ကန့်ထက် သာလွန်ကောင်းမွန်၍ စံချိန် သစ်တင်နိုင်ခဲ့ပြီး အမျိုးသမီး ကြိုးတပ် သံလုံးပစ်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီး ဌာနအသင်းမှ သွယ်သွယ်မိုး၏ စံချိန် 52.36 မီတာသည် ၂၀၂၄ ခုနှစ် ၎င်းကိုယ် တိုင်တင်ထားသည့် စံချိန်ဟောင်း 49.23 မီတာထက်သာလွန်ကောင်းမွန်၍ စံချိန် သစ်တင်နိုင်ခဲ့သည်။

ယနေ့ အမျိုးသား တုတ်ထောက်ခုန် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နံပါတ်(၂၈၈) ပြည်ထဲ ရေးဝန်ကြီးဌာနအသင်းမှ ကျော်စွာဟိန်း ၏ စံချိန် 4.61 မီတာသည် ၂၀၁၁ ခုနှစ်တွင် သစ်တောဝန်ကြီးဌာန အသင်းမှ ထွန်းထွန်းလင်း၏ စံချိန် 4.60 မီတာထက် သာလွန်ကောင်းမွန်၍ စံချိန်သစ်တင်နိုင် ခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၆ ရက် (ယနေ့)နံနက် ၆ နာရီ၁၅ မိနစ်မှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန် ပစ်ပြိုင်ပွဲအမျိုးသား၊ အမျိုးသမီး လူရွေးပွဲ နှင့်ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မာရသွန်၊ မီတာ ၁၀၀၊ မီတာ ၁၅၀၀၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ မီတာ ၄၀၀ x ၄ လက်ဆင့် ကမ်း(Mixed)၊ တန်းမြင့်ခုန်၊ သုံးဆင့်ခုန်၊ လှံတံပစ်ပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစား ဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ငါးထပ်အဆောက်အအုံကို စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

တစ်လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ ၈၆ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံး ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ၁၃ ထပ် အဆောက်အအုံတစ်လုံးကိုလည်း ယမ်းပြင်ယမ်းကပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံလေးလုံးအနက် သုံးလုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ အလုံး ၆၀ ကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam)များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ငါးထပ်အဆောက်အအုံကို မဖြိုဖျက်မီ တွေ့ရစဉ်။






ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ငါးထပ်အဆောက်အအုံကို ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

## ✱ ဖမ်းဆီးရမိမှု

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် နောင်ချိုမြို့နယ် မကျီးရေရွာအနီးတွင် သီပေါမြို့နယ် ဝမ်ပန်ရွာနေ စိုင်းဆောနန္ဒာ ခေါ် အိုက်ပီး ၄၅ နှစ် မောင်းနှင်ပြီး နမ့်ခမ်းမြို့နယ် နမ္မရွာနေ စိုင်းအိုက်စော ၄၃ နှစ်နှင့် မိုင်းရှူးမြို့နယ် ဝမ်လုံရွာနေ မနန်းဆိုင်ဖောင်း ၄၀ နှစ်တို့ လိုက်ပါလာသော TOYOTA KLUGER အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၆၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၅၀)ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နောင်ချိုမြို့နယ် ပါဟတ်ရပ်ကွက်အနီးတွင် သီပေါမြို့နယ် နားမွန်းရွာနေ မပီခေါင် ခေါ် မဖြူ ၄၆ နှစ် မောင်းနှင်ပြီး သီပေါမြို့နယ် ပန်မိတ်ရွာနေ မနန်းလှယုံ ၄၂ နှစ်လိုက်ပါလာသော CZI-125 အမျိုးအစားဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၂၆၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၃၀)ဖမ်းဆီးရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၁၃ ရက် နံနက် ၅ နာရီခွဲတွင် ဝေါမြို့နယ် ညောင်ခါးရှည်ရွာအနီးတွင် ဘားအံမြို့နယ် ဓူဝေလေးရွာနေ စိုင်းသိန်းဇော် ခေါ် အိုင်နောင့် ၂၈ နှစ် မောင်းနှင်လာသော HONDA IN-SIGHT အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး HAPPY WATER ၁ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၈၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၂၀၀) ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါး HAPPY WATER များ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ဘားအံမြို့ အမှတ်(၈)ရပ်ကွက်နေ စိုင်းဇင်မင်းထွေး ခေါ် ရှန်ရှန် ၂၂ နှစ်ကို ဘားအံမြို့ အမှတ်(၉)ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိသဖြင့် ယင်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ရွာငံမြို့နယ် မြို့ကြီးရွာအနီးတွင် ပင်းတယ-မန္တလေးပြေးဆွဲသည့် TOYOTA HIACE အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၀၀) ဖမ်းဆီးရမိသဖြင့် မဖြူသွယ်ဝင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ● ချန်ပီယံဆုဆွတ်ခူးမှ

တိုက်ရိုက်တက်ရောက်ခြင်းဖြစ်ပြီး အဆင့်(၂)နေရာမှ အသင်းနှင့် အဆင့်(၃)နေရာမှ အသင်းတို့အနေဖြင့် Play offအဆင့်ပွဲစဉ် ကစားပြီး အနိုင်ရရှိသည့်အသင်းက ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

Mandalar Futsal League ပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် Mali Kyal Sinအသင်းက ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၁)နေရာတွင်ရပ်တည်နိုင်ခဲ့သည့်အတွက် ဗိုလ်လုပွဲအဆင့် တိုက်ရိုက်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး Black Wolves အသင်းက ရမှတ် ၂၃မှတ်ဖြင့် အဆင့်(၂)၊ TG United အသင်းက ရမှတ် ၂၁မှတ်ဖြင့် အဆင့်(၃) နေရာတွင် ရပ်တည်နိုင်ခဲ့သည့်အတွက် Black Wolves အသင်းနှင့် TG United အသင်းတို့က Play off အဆင့် ကစားခဲ့ရခြင်းဖြစ်သည်။

Mandalar Futsal League ပြိုင်ပွဲ Play offအဆင့်ပွဲစဉ်အဖြစ် Black Wolves အသင်းနှင့် TG United အသင်းတို့ ကစားခဲ့စဉ်က TG United အသင်းက ၁၁ ဂိုး ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ဗိုလ်လုပွဲစဉ် တက်ရောက်နိုင်ခဲ့သော်လည်း ယခုဗိုလ်လုပွဲအဆင့်တွင် Mali Kyal Sin အသင်းကို ရှုံးနိမ့်ခဲ့ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရပြီး Mali Kyal Sin အသင်းက ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA



# လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်နေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**ထရီပိုလီ အောက်တိုဘာ ၁၅**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားနေသဖြင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း လစ်ဗျားအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို လစ်ဗျားကြက်ခြေနီအသင်းက ဦးဆောင်၍ ဆောင်ရွက်ပေးနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကိုလည်း ကြက်ခြေနီအသင်း၏အစီအစဉ်ဖြင့် နေရာချထားပေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထရီပိုလီမြို့အတွင်း ရေနုတ်မြောင်းစနစ်များ ပျက်စီးယိုယွင်းနေမှုကြောင့် မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး နာရီပိုင်းအတွင်း ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထရီပိုလီမြို့တော်ဝန်က ရေလွှမ်းနေသည့်ဧရိယာအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကိုယ်တိုင်သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်ဟု ထရီပိုလီမြို့တော်ဝန်ရုံးက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ထရီပိုလီမြို့အတွင်းမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေရာအနှံ့အပြားမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေနုတ်မြောင်းစနစ်တွေ ယိုယွင်းနေတဲ့အတွက် မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး နာရီပိုင်းအတွင်းမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ရတာဖြစ်ပါတယ်။ ကြက်ခြေနီအသင်းက ဝန်ထမ်းတွေကလဲ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီဆောင်ရွက်ပေးနေကြပါတယ်"ဟု ထရီပိုလီမြို့တော်ဝန်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တောင်အမေရိကဒေသတွင် အယ်လ်နီညိုနှင့် ဆက်စပ်သည့် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွား

**ဗျူနိုစ်အေရိစ် အောက်တိုဘာ ၁၅**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ဆက်စပ်နေသည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘရာဇီး၊ ပါရာဂွေးနှင့် အာဂျင်တီးနားနိုင်ငံတို့ဆုံစည်းရာ တောင်အမေရိကဒေသတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း အာဂျင်တီးနားနိုင်ငံ အမျိုးသားမိုးလေဝသဌာန၏ အောက်တိုဘာ ၁၄ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါရေကြီးရေလျှံမှုများဖြင့် ရင်ဆိုင်နေရသော တောင်အမေရိကဒေသထဲတွင် ပါရာဂွေးနိုင်ငံ စီယူဒက်ဒယ်အက်စတေးမြို့၊ ဘရာဇီးနိုင်ငံ ဖို့စ်ဒိုအီဂွါဇူးမြို့နှင့် အာဂျင်တီးနားနိုင်ငံ ပွာတိုအီဂွါဇူးမြို့တို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုအန္တရာယ် မြင့်တက်လာသဖြင့် ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံ အာဏာပိုင်တို့ကပူးတွဲ၍ အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ပါရာနာမြစ်ဝှမ်းဒေသ၌ အယ်လ်နီညိုရာသီဥတုနှင့် ဆက်စပ်သည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက် စီးဆင်းမှုပမာဏ မြင့်တက်လာခဲ့ပြီး ရေလှောင်တမံ၏ ရေပိုလွှဲတံခါးများကို ဖွင့်လှစ်ကာ ရေပမာဏကို ထိန်းညှိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လက်ရှိ နယ်မြေအာဏာပိုင်များကလည်း ရေဘေးသင့်နေရာများမှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရာချထားပေးပြီး အစားအစာ၊ ဆေးဝါးများပံ့ပိုးပေးခဲ့ကြောင်း၊ ထို့ပြင် မြစ်ရေမြင့်တက်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားပါက မြစ်ကမ်းဘေးဒေသများ၊ နေအိမ်များနှင့် စိုက်ပျိုးမြေများအတွက် အန္တရာယ်ရှိနိုင်သဖြင့် ဒေသခံများ အနေဖြင့် မိုးလေဝသသတိပေးချက်များကိုလိုက်နာရန် သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အီကွေဒေါနိုင်ငံ ဆန်ဂေးမီးတောင် ပေါက်ကွဲခဲ့သဖြင့် ပြာမှုန်များ မီးတောင်ထိပ်မှ အမြင့်ပေ ၂၄၀၀၀ ထိ ရောက်ရှိနေ

**ကွီတို အောက်တိုဘာ ၁၅**

အီကွေဒေါနိုင်ငံ ဆန်ဂေးမီးတောင် ပေါက်ကွဲခဲ့သဖြင့် ပြာမှုန်များ မီးတောင်ထိပ်မှ အမြင့်ပေ ၂၄၀၀၀ ထိ ရောက်ရှိနေကြောင်း ဒေသမီးတောင်ပြာ စောင့်ကြည့်ရေးစင်တာ၏ အောက်တိုဘာ ၁၄ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ဂြိုဟ်တုမှရရှိသော အချက်အလက်များအရ ပြာမှုန်များသည် မီးတောင်ထိပ်မှ အနောက်မြောက်ဘက်သို့ ပျံ့နှံ့ရွေ့လျားခဲ့ပြီး မီးတောင်ဝန်းကျင် ကီလိုမီတာ ၄၀ ခန့်အကွာထိ ပျံ့နှံ့နေကြောင်း၊ ပြာမှုန်များ လေထုအတွင်း ပျံ့နှံ့မှုကြောင့် မြင်ကွင်းများဝေဝါးကာ လေထုညစ်ညမ်းမှုဖြစ်နေကြောင်း သိရသည်။

ဆန်ဂေးမီးတောင်သည်အီကွေဒေါနိုင်ငံ အရှေ့ပိုင်း အမေဇုန်ဒေသ အနီးတွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၅၂၈၆ မီတာခန့်ရှိသည့် မီးတောင်ဖြစ်ကာ မကြာခဏ ပေါက်ကွဲမှုဖြစ်လေ့ရှိကြောင်း သိရသည်။



လက်ရှိမီးတောင်မှထွက်သော ပြာမှုန်များသည် လေကြောင်းပျံသန်းမှုအတွက် အန္တရာယ်ဖြစ်စေနိုင်သဖြင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ထားပြီး အနီးဝန်းကျင် ဒေသများတွင် ပြာမှုန်များ ကျရောက်ပါက ဒေသခံများ၏ အသက်ရှူလမ်းကြောင်းဆိုင်ရာကို ထိခိုက်စေနိုင်သဖြင့် သက်ဆိုင်ရာအာဏာပိုင်များက သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အိုင်ယာလန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကို အချိန်ပြည့်စောင့်ကြည့်တိုင်းတာနိုင်ရေး Google ကုမ္ပဏီက နည်းပညာကူညီပေးမည်

**ဒပ်ဗ်လင် အောက်တိုဘာ ၁၅**

နာမည်ကြီးနည်းပညာကုမ္ပဏီဖြစ်သည့် Google ကုမ္ပဏီသည် အိုင်ယာလန်နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ရာသီဥတုဖောက်ပြန်မှုကို အချိန်ပြည့် စောင့်ကြည့်တိုင်းတာနိုင်ရေးအတွက် နည်းပညာကူညီပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိတွင်လည်း အိုင်ယာလန်နိုင်ငံ၌ ရာသီဥတုဖောက်ပြန်မှုကို အချိန်ပြည့် စောင့်ကြည့်တိုင်းတာနေသည့်စနစ်ကို တပ်ဆင်ထားပြီးဖြစ်ကြောင်း၊ သို့သော် အဆင့်မြှင့်တင်မှု ပြုလုပ်သွားရန်အတွက် Google ကုမ္ပဏီက အမေရိကန်ဒေါ်လာ ငါးသန်း အသုံးပြုကာ နည်းပညာပိုင်းဆိုင်ရာတွင် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စောင့်ကြည့် တိုင်းတာရေးစနစ်သည် ရေကြီးရေလျှံမှု၊ မုန်တိုင်းဝင်ရောက် တိုက်ခတ်မှုများနှင့် အခြားသော ရာသီဥတုဖောက်ပြန်မှုများကို အချိန်နှင့်တစ်ပြေးညီ ကင်းထောက်ပေးနိုင်မည် ဖြစ်ကြောင်း၊ Google ကုမ္ပဏီအနေဖြင့် အဆိုပါစနစ်ကို အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် လေးနှစ်ကြာ သုတေသနပြုလုပ်သွားမည်ဖြစ်ပြီး Google Earth AI နည်းပညာဖြင့်ပေါင်းစပ်ကာ ဖန်တီးသွားမည်ဖြစ်ကြောင်း သိရသည်။

"အိုင်ယာလန်နိုင်ငံမှာ ရာသီဥတုဖောက်ပြန်မှုကို အချိန်ပြည့် စောင့်ကြည့် တိုင်းတာနိုင်ဖို့အတွက် ဆင်ဆာတွေတပ်ဆင်ထားပါတယ်။ ဒါပေမဲ့ ဒီဆင်ဆာတွေ ကင်းထောက်နိုင်စွမ်း ပိုမိုမြင့်မားလာဖို့အတွက် အဆင့်မြှင့်တင်သွားဖို့ လိုအပ်နေပါတယ်။ Google ကုမ္ပဏီအနေနဲ့ အမေရိကန်ဒေါ်လာ ငါးသန်း ရင်းနှီးမြှုပ်နှံပြီးတော့ သုတေသနကို လေးနှစ်ကြာပြုလုပ်သွားမယ်။ ပြီးရင်ရလာတဲ့ သုတေသနရလဒ်ပေါ်မူတည်ပြီး နည်းပညာတွေကို အဆင့်မြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာလဲဖြစ်ပါတယ်"ဟု Google ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# နိုင်ဂျီးရီးယားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် ကန်ဒေါ်လာ သန်း ၅၀၀ အသုံးပြုမည်ဖြစ်ကြောင်း ဖက်ဒရယ်အစိုးရက ထုတ်ပြန်

**အဘူဂျာ အောက်တိုဘာ ၁၅**

နိုင်ဂျီးရီးယားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သန်း ၅၀၀ အသုံးပြုမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယား ဖက်ဒရယ်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၄ ရက် သတင်းများတွင်ဖော်ပြထားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိ အသုံးပြုသွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအပြင် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိ ရင်းနှီးမြှုပ်နှံသွားမည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို မိုးလေဝသ၊ ရေအသုံးချမှုနှင့် ရာသီဥတုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆန်းသစ်တီထွင်ခြင်းနှင့် ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုအဖြစ် ခေါင်းစဉ်တပ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်နှစ်တိုင်း သဘာဝဘေးအန္တရာယ်တွေကြောင့် ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နေရပ်ကို စွန့်ခွာခဲ့ရတဲ့ ပြည်သူတွေလဲ များပါတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းတွေကို မိုးလေဝသ၊ ရေအသုံးချမှုနဲ့ ရာသီဥတုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့၊ ဆန်းသစ်တီထွင်ဖို့နဲ့ ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုအမည်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု နိုင်ဂျီးရီးယားဖက်ဒရယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat



# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းလိုက်ကစားပုံထက်မြက်နေတဲ့ ဖူလ်ဟမ်အသင်း၊ အေတီကိုအသင်း၊ အင်တာမီလန်အသင်းတို့ကိုရွေးရမှာပါ

M L



ဒီတစ်ပတ်ကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာတော့ ပရိသတ်အကြိုက်တွေ့တဲ့ အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိလာမှာသေချာပါတယ်။ ပြီးခဲ့တဲ့ စနေနေ့ညမှာတော့ ပရီးမီးယားလိဂ်က အသင်းကြီးအားလုံးရလဒ်ကောင်းခဲ့သလို စပိန်လာလီဂါမှာလဲ ဘာစီလိုနာအသင်း၊ အေတီကိုအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဘွန်ဒက်လီဂါပြိုင်ပွဲမှာတော့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့က အသင်းငယ်တွေကိုရမှတ်ခွဲပေးလိုက်ရတာဖြစ်ပြီး စီးရီးအေမှာလဲ ဖီအိုရင်တီးနားအသင်းရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် စနေနေ့ည ကစားမဲ့ပွဲတွေမှာတော့ အသင်းလိုက်ကစားအားကောင်းပြီး တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဖူလ်ဟမ်အသင်း၊ အေတီကိုအသင်း၊ အင်တာမီလန်အသင်းတို့ကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

### ဖူလ်ဟမ်အသင်းကို ရွေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၇)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖူလ်ဟမ်အသင်းနဲ့ ဟူးလ်စီးတီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိမှာတော့ ဖူလ်ဟမ်အသင်းဟာ ကစားသမားစုဖွဲ့မှု ပိုကောင်းလာခဲ့ပေမဲ့ ခံစစ်ကစားပုံအားနည်းချက်ကြောင့် ရမှတ်တွေ ခွဲပေးနေရတာကို သတိပြုရမှာပါ။ ဒါကြောင့် ဖူလ်ဟမ်အသင်းအနေနဲ့ အခုပွဲစဉ်မှာ ခံစစ်ကစားပုံပြင်ဆင်လာနိုင်မယ်ဆိုရင် ဟူးလ်စီးတီးအသင်းကို နိုင်ပွဲရဖို့မခက်ပါဘူး။ သူတို့အသင်းအနေနဲ့ ပရီးမီးယားလိဂ်ခြောက်ပွဲကစားခဲ့ရာမှာ နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ နိုင်ပွဲမရသေးတာကြောင့် ရမှတ်နှစ်မှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးကို ရောက်ရှိနေတာဖြစ်ပါတယ်။ အခုပွဲမှာတော့ နည်းပြအနေနဲ့ ခံစစ်ပိုင်းပြင်ဆင်ပြီး တိုက်စစ်က အော့စဘော့၊ ဂျိုရှူအာကင်း၊ အီဝိုဘီတို့အတွဲနဲ့ ပွဲထွက်လာမယ်ဆိုရင်တော့ ဟူးလ်စီးတီးခံစစ်ပိုင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။

ဟူးလ်စီးတီးအသင်းကတော့ ပရီးမီးယားလိဂ်ကို တန်းတက်လာပြီး နောက်ပိုင်းရမှတ်တွေ ရှာဖွေနိုင်ခဲ့တာကြောင့် တန်းတက်အသင်းတွေထဲမှာ ရလဒ်ပိုင်းကောင်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲမှာ ကိုဗင်ထရီကို နိုင်ပွဲရခဲ့ပြီး အေဗီလာ၊ ချဲလ်ဆီး၊ အဲဗာတန်တို့ကို သရေကစားနိုင်ခဲ့တာကြောင့် ပရိသတ်အကြိုက်တွေ့နေတဲ့အသင်းဖြစ်နေတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲဆက်မှာတော့ ပွဲတိုင်းပေးဂိုးရှိခဲ့ပြီး နိုင်ပွဲပျောက်ဆုံးထားတာကို ကြည့်ရင် သူတို့အသင်းရဲ့အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိတာကို တွေ့ရမှာပါ။ ဒါ့ပြင် ကစားသမားစုဖွဲ့မှုကလဲ ဖူလ်ဟမ်အသင်းနဲ့ယှဉ်ရင် အားနည်းချက်တွေရှိနေပြီး ဖူလ်ဟမ်အသင်းအနေနဲ့လဲ အခုပွဲမှာ အိမ်ကွင်းနိုင်ပွဲ မဖြစ်မနေရှာရမှာဖြစ်တာကြောင့် အိမ်ရှင်အားသာချက်နဲ့ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဖူလ်ဟမ်အသင်းကိုရွေးရမှာပါ။

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၂ | - | ၃ | ပဲလေ့စ် |
| လီဗာပူး | ၀ | - | ၀ | ဖူလ်ဟမ် |
| ဝက်စ်ဟမ်း | ၂ | - | ၃ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၁ | မန်ယူ |
| အစ်ဝှစ် | ၂ | - | ၁ | ဖူလ်ဟမ် |

**ဟူးလ်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟူးလ်စီးတီး | ၀ | - | ၀ | အက်စတွန်ဗီလာ |
| ဆန်ဒါးလန်း | ၁ | - | ၀ | ဟူးလ်စီးတီး |
| ချဲလ်ဆီး | ၂ | - | ၂ | ဟူးလ်စီးတီး |
| နယူးကာဆယ် | ၂ | - | ၁ | ဟူးလ်စီးတီး |
| ဟူးလ်စီးတီး | ၂ | - | ၂ | အဲဗာတန် |

### အေတီကိုအသင်းနဲ့လက်တွဲရမှာပါ

လာလီဂါပွဲစဉ် ( ၉ )မှာ အကြိုက်တွေ့တာကတော့ အက်စ်ပန်ညိုအသင်းနဲ့ အေတီကိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အက်စ်ပန်ညိုအသင်းဟာ ကစားသမားကောင်းတွေ ပေါ်ထွက်လာခဲ့ပေမဲ့ ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိတာကြောင့် အခုရာသီမှာ အိမ်ကွင်းကစားပုံပါ ကျဆင်းသွားခဲ့ပြီး လက်ရှိ ရှစ်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးနဲ့ အမှတ်ပေးဇယား အဆင့် (၁၂) မှာရောက်ရှိနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲ အဝေးကွင်းပွဲမှာ အိုဆာဆူနာအသင်းကိုသာ နိုင်ခဲ့ပြီး ကျန်ပွဲတွေမှာတော့ နိုင်ပွဲပျောက်ဆုံးခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းအနေနဲ့ အေတီကိုအသင်းလို အဘက်ဘက်က အသာရနေတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့တော့ မဖြစ်နိုင်ပါဘူး။

အေတီကိုအသင်းဟာ ပြိုင်ပွဲတိုင်းမှာ အောင်မြင်မှုရဖို့ ကြိုးပမ်းနေတာကြောင့် နွေရာသီအပြောင်းအရွှေ့ကာလမှာလဲ ဂျွန်နသန်ဒေးဗစ်၊ ရှိမီရို၊ ကန်အင်းလီတို့လို ကစားသမားတွေကို ဖြည့်တင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ လာလီဂါ ရှစ်ပွဲကစားအပြီးမှာ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်နဲ့ ရမှတ် ၁၉ မှတ်ရရှိခဲ့တာကြောင့် အဆင့် (၂)နေရာမှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ နည်းပြဆီမွန်နီကလဲ အခုရာသီပြိုင်ပွဲတိုင်းမှာ ဂိုးရဖို့ထက် ပေးဂိုးမရှိဖို့ကိုသာ ဦးတည်ကစားလာတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အသင်းခံစစ်ပိုင်းက ပေးဂိုး နှစ်ဂိုးသာ ရှိခဲ့တာကိုသတိပြုရမှာပါ။ တိုက်စစ်ပိုင်းကတော့ ငါးပွဲဆက်မှာ၁၃ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ကွင်းလယ်ကစားသမားဘေနာက သွင်းဂိုးလေးဂိုးနဲ့ ဂိုးသွင်းအများဆုံးဖြစ်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကြားရက်က ကစားခဲ့တဲ့ချန်ပီယံလိဂ်ပွဲမှာ မန်ယူအသင်းကို နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့ပေမဲ့ အဲဒီပွဲမှာ ကစားသမားအလှည့်ကျအသုံးပြုသွားတာကြောင့် အခုပွဲမှာ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမယ်ဆိုရင် အက်စ်ပန်ညိုအသင်းခံစစ်ပိုင်း ဂိုးပေးရမှာသေချာနေပြီး အေတီကိုအသင်းနိုင်ပွဲရဖို့ သေချာတယ်လို့ သုံးသပ်မိတာကြောင့် အေတီကိုနဲ့ပဲ လက်တွဲရမှာပါ။

**အက်စ်ပန်ညိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | ၁ | - | ၁ | ဆီဗီလာ |
| အိုဆာဆူနာ | ၀ | - | ၂ | အက်စ်ပန်ညို |
| ဗယ်လ်ကာနို | ၂ | - | ၁ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၁ | - | ၃ | အယ်ချီ |
| မာလာဂါ | ၁ | - | ၁ | အက်စ်ပန်ညို |

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၀ | - | ၃ | အေတီကို |
| အေတီကို | ၄ | - | ၀ | အိုဆာဆူနာ |
| အေတီကို | ၂ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| အလာဗက် | ၁ | - | ၂ | အေတီကို |
| အေတီကို | ၂ | - | ၀ | မန်ယူ |

### အင်တာမီလန်ကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ အီတလီစီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့တာကတော့ ဘိုလေ့နာအသင်းနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘိုလေ့နာအသင်းဟာ စီးရီးအေခြောက်ပွဲကစားအပြီးမှာ တစ်ပွဲသာအနိုင်ရထားပြီး နှစ်ပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ဘောလုံးရာသီတိုင်းမှာ ခြေစွမ်းပြကစားသမားတွေ ပေါ်ထွက်ခဲ့ပေမဲ့ ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိတာကြောင့် လက်ရှိမှာ ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ လက်ချီနဲ့ပွဲမှာလဲ ပြိုင်ဘက်ရဲ့ဖိအားပေးမှုကိုခံရပြီး ဘောလုံးပိုင်ဆိုင်မှု အသာမရဘဲ တန်ပြန်တိုက်စစ်ကောင်းလို့သာ နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အင်တာမီလန်နဲ့ပွဲမှာတော့ လက်ချီနဲ့ပွဲကလို ကစားပုံအတိုင်း ကစားခဲ့ရင်တော့ ပေးဂိုးများသွားမှာဖြစ်ပြီး တွေ့ဆုံမှုအစဉ်အလာတွေမှာလဲ အင်တာမီလန်ကို အရေးနိမ့်ထားတာကြောင့် အခုပွဲမှာ ရုန်းကန်ရဖို့များပါတယ်။

လက်ရှိချန်ပီယံ အင်တာမီလန်အသင်းကတော့ ချန်ပီယံဆုကို ဆက်လက်ကာကွယ်ဖို့ ကြိုးပမ်းနေပြီး စီးရီးအေခြောက်ပွဲမှာ ငါးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရမှတ် ၁၆ မှတ်ထိ စုဆောင်းနိုင်ခဲ့လို့ အမှတ်ပေးဇယားမှာ ဦးဆောင်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့် (၂)က လာဇီယိုအသင်းနဲ့ကလဲ ရမှတ်တူနေတာကြောင့် အခုလိုပွဲမျိုးမှာ ရမှတ်ရှာနိုင်မှသာ ချန်ပီယံဆုကိုကာကွယ်နိုင်ဖို့ အခွင့်အရေးရမှာဖြစ်လို့ အခုပွဲကို ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာဖို့များပါတယ်။ လက်ရှိ အင်တာမီလန်အသင်းတိုက်စစ်မှာတော့ မာတီနက်ဇ်၊ သူရမ်တို့အတွဲက အချိတ်အဆက်မိနေပြီး တောင်ပံက ဒီမာကိုနဲ့ ဒီယော့တို့ကလဲ ခံစစ်နဲ့ တိုက်စစ်ကို လိုက်ကူကစားနေတာကြောင့် အသင်းအနေနဲ့ ပြိုင်ပွဲစုံမှာ ဂိုးမြူးနေတာကိုသတိပြုရမှာပါ။ အင်တာမီလန်အသင်းဟာ ကြားရက်က ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲမှာတော့ အိမ်ကွင်းမှာ ဘရူဂျက်အသင်းကို လေးဂိုးသုံးဂိုးနဲ့ ရှုံးခဲ့တာဖြစ်လို့ အခုဘိုလေ့နာနဲ့ပွဲမှာ နိုင်ပွဲရှာပြီး ဖိအားအောက်က ရုန်းထွက်ဖို့ကြိုးစားရမှာဖြစ်ပါတယ်။ လက်ရှိ သူတို့နှစ်သင်းရဲ့ ခြေစွမ်းပိုင်းမှာလဲ အင်တာမီလန်အသင်းက အသာရနေသလို ကစားသမားစုဖွဲ့မှုမှာလဲ အင်တာမီလန်အသင်းက စုဖွဲ့မှုပိုကောင်းနေတာကြောင့် အခုပွဲမှာ နိုင်ပွဲရဖို့သေချာနေတဲ့ အင်တာမီလန်အသင်းကိုပဲ အားပေးရမှာပါ။

**ဘိုလေ့နာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၁ | - | ၀ | ဘိုလေ့နာ |
| ဘိုလေ့နာ | ၂ | - | ၂ | ဆက်ဆူအိုလို |
| နာပိုလီ | ၁ | - | ၀ | ဘိုလေ့နာ |
| ဘိုလေ့နာ | ၁ | - | ၁ | တိုရီနို |
| လက်ချီ | ၁ | - | ၂ | ဘိုလေ့နာ |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ၅ | - | ၃ | အူဒီးနီးစ် |
| ရိုးမား | ၂ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၃ | - | ၀ | ပါးမား |
| အင်တာမီလန် | ၃ | - | ၄ | ဘရူဂျက် |

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၂၆** ရက်နေ့မှ စတင်၍ **၈-၁-၂၀၂၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူအကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

( ခ ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ ၂၀၂၇ ခုနှစ်၊ **ဇန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ်ကျပ် **၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

( ခ ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီးအဖြစ်** ခန့်အပ်တာဝန်ပေးအပ်မည်။

( ဂ ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**




## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်ကြီးကျေးရွာ၊အထက(ခွဲ)တွင် ပညာသင်ကြားနေသော Grade-6 မှ မသိမ်မွေ့ဖြူနှင့် Grade-2 မှ မဆောင်းရိပ်နွယ်တို့၏ဖခင်အမည် **ဦးကိုဆန်းနှင့် ဦးမောင်ကိုဆန်း**သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကိုဆန်း (ခ) ဦးမောင်ကိုဆန်း**
(၅/ရဘန(နိုင်)၁၆၄၃၅၀)

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်ကြီးကျေးရွာ၊ အထက(ခွဲ)၊ Grade-5 တွင် ပညာသင်ကြားနေသော မမြဖူးဝေ၏ ဖခင်အမည်မှန်မှာ **ဦးစိုးနိုင်** ဖြစ်ပါကြောင်း။
**ဦးစိုးနိုင်(၅/ရဘန(နိုင်)၂၇၇၇၇၈)**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ လင်းထက်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ် (က/၀၅၂၅)၊ Grade-11 မှ မရွှန်းလဲ့ရွှေရည်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မရွှေယမင်းဦး** ဖြစ်ပါကြောင်း။ **မရွှေယမင်းဦး(၉/ပဥလ(နိုင်)၁၂၁၂၈၈)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ စိန်တုံးရပ်၌ ဖွင့်လှစ်ထားသော ရွှေပညာရင်ပြင်ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-3 (တတိယတန်း)တွင် ပညာသင်ကြားနေသော (ဘ) ဦးမိုးနှင်းဦး၏သားဖြစ်သူ ကျောင်းဝင်အမှတ်-၀၀၄၀ မောင်ဟိန်းစစ်နိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၇-၇-၂၀၁၈) ဖြစ်ပါကြောင်း။
**မောင်ဟိန်းစစ်နိုင်၊ ၂၇-၇-၂၀၁၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အကွက်(၅၆၀)နေ ဦးကျော်လှိုင် + ဒေါ်ခင်အုန်းမြင့်တို့၏သမီး မရွှန်းလဲ့ဝေ(၉/ခအဇ(နိုင်)၀၅၁၉၂၃)သည် မိဘများ၏ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုလုပ်ခြင်း၊ မိဘများ စိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းများကြောင့် ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**မိဘ ဦးကျော်လှိုင် + ဒေါ်ခင်အုန်းမြင့်**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဒေါ်တင်အိချို (ဘ) ဦးတင်သိန်း(၉/ပကခ(နိုင်)၀၂၇၈၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-389589)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-428016522**

## အသိပေးကြေညာချက်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်(၆၀၄)၊ လေလာဝင်း၊ ၂၆ x ၂၇၊ ၈၁ x ၈၂ လမ်းကြားနေ ဦးသိန်းထွန်းဝင်း(၉/မရမ(နိုင်)၀၁၆၀၂၀ (မိ) ဒေါ်တင်တင်လှိုင် ကိုင်ဆောင်သူသည် (၁-၁၀-၂၀၂၆)ရက်နေ့မှစ၍ မိသားစု၏စီးပွားရေးနှင့် ဂုဏ်သိက္ခာပျက်စီးစေရန်ပြုလုပ်ကာ အိမ်မှထွက်သွားပါသဖြင့် ရောက်ရာအရပ်မှ အမြန်ပြန်လာကာ မိမိလုပ်ဆောင်ခဲ့သောကိစ္စများကို မိမိကိုယ်တိုင်ပြန်လည်ဖြေရှင်းပါရန် မိသားစုမှ အသိပေးကြေညာအပ်ပါသည်။
**ဒေါ်တင်တင်လှိုင်(၉/မရမ(နိုင်)၀၄၂၉၈၄)**
**လေလာဝင်း၊ ၂၇ လမ်း၊ ၈၁ x ၈၂ လမ်းကြား**
**09-786020720**

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး
## သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ NCA ၁၁ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သော ကရင်တိုင်းရင်းသား ခေါင်းဆောင် စောမူတူးစေးဖိုးနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များက ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## ၂၀၂၆ ခုနှစ် ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၅**

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပမည့် ၂၀၂၆ ခုနှစ် ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမှုကို အောက်တိုဘာ ၁၆ ရက် **(ယနေ့)** ညနေ ၃ နာရီ ၂၅ မိနစ်မှစ၍ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports HD Channel၊ MRTV HD Channel၊ MRTV Sports Channel၊ MRTV Entertainment Channel နှင့် သဇင် FM တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀၊ မီတာ ၈၀၀၊ မီတာ ၅၀၀၀၊ **စာမျက်နှာ ၂၅ ကော်လံ ၁ ❖**



## နောင်ချိုမြို့တွင် ငွေကျပ်သိန်း ၃၁၈၀ တန်ဖိုး၊ ဝေါမြို့နယ်တွင် ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုး၊ ရှာငံမြို့နယ်တွင် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



စိုင်းဆောနန္ဒာ ခေါ် အိုက်ပီး၊ စိုင်းအိုက်စော၊ မနန်းဆိုင်ဖောင်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

နောင်ချိုမြို့တွင် ငွေကျပ်သိန်း ၃၁၈၀ တန်ဖိုး၊ဝေါမြို့နယ်တွင် ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုး၊ ရှာငံမြို့နယ်တွင် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စာမျက်နှာ ၂၆ ကော်လံ ၁ ❋**

## Mandalar Futsal League ပြိုင်ပွဲတွင် Mali Kyal Sin အသင်း ချန်ပီယံဆုဆွတ်ခူး

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် Mandalar Futsal League ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက် ၉ နာရီက Mali Kyal Sin အသင်းနှင့် TG United အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Mali Kyal Sin အသင်းက အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်မတိုင်မီ ဖျော်ဖြေရေးအစီအစဉ်များကိုကျင်းပခဲ့ပြီး ဖျော်ဖြေရေးအစီအစဉ်များအပြီးတွင် ဗိုလ်လုပွဲစဉ်ကို ဆက်လက်ကျင်းပခဲ့ရာ Mali Kyal Sin အသင်းက TG United အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ပြိုင်ပွဲစနစ်အရ အုပ်စုပွဲစဉ်များအပြီးတွင် အဆင့်(၁)နေရာမှ အသင်းအနေဖြင့် ဗိုလ်လုပွဲအဆင့်သို့

**စာမျက်နှာ ၂၆ ကော်လံ ၄ ●**